# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလွန်ကဲဆုံးချမ်းသာ**

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၆၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား

## ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Prasan Saengsirirak ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သော (၃၆)ကြိမ်မြောက် မြန်မာ - ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Lt.Gen. Prasan Saengsirirak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ တပ်မတော်အရာရှိကြီးများ၊

*စာမျက်နှာ ၃ ကော်လံ ၁ ⮕*



**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Prasan Saengsirirak အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




# နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

*ဝ ရှေ့ဖုံးမှ*

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချစ်ဆွေတို့ တက်ရောက်ကြပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mr.Mongkol Visitstump နှင့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများတက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေများ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ထိုင်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Prasan Saengsirirak အား လက်ခံတွေ့ဆုံစဉ်။




**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Prasan Saengsirirak ဦးဆောင်သောအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၄ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ တိုင်းရင်းဆေးဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇွန် ၂၉**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်းချန်းမြို့၌ ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



ဇွန် ၂၇ ရက်က ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းရှီးပြည်နယ်ရှိ ကျန်းကျိုးတိုင်းရင်းဆေးဥယျာဉ်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက တရုတ် တိုင်းရင်းဆေးဝါးသမိုင်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာပုံအဆင့်ဆင့်၊ တိုင်းရင်းဆေးဥယျာဉ်အတွင်း တိုင်းရင်းဆေးပင်များပြုစုပျိုးထောင်ထားမှု၊ ခေတ်မီစက်ကိရိယာနှင့် နည်းစနစ်များအသုံးပြု၍ အဆင့်မြင့်တရုတ် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ထုပ်ပိုးနေမှုနှင့် အရည်အသွေးထိန်းချုပ်မှုအပိုင်းများကို လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နန်ချန်း တိုင်းရင်းဆေး တက္ကသိုလ်သို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက တက္ကသိုလ်၏သမိုင်းကြောင်း၊ ကျောင်းသား ကျောင်းသူများလေ့လာနိုင်အောင် ဆေးဖက်ဝင်တရုတ်တိုင်းရင်းဆေးပင်များကို စနစ်တကျပြင်ဆင်ထားရှိမှု၊ ခေတ်အဆက်ဆက် တရုတ်တိုင်းရင်းဆေးကျမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိပြီး မျိုးဆက်သစ်များကို ပညာအမွေလက်ဆင့်ကမ်းခဲ့ပုံများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နန်ချန်းတိုင်းရင်းဆေးရုံသို့သွားရောက်၍ တရုတ်တိုင်းရင်းဆေး ကုထုံးများဖြစ်သည့် အပ်စိုက်ကုထုံး၊ အပူကုထုံး၊ အနှိပ်ကုထုံးများကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ လူကြီးနှင့် ကလေးငယ်များကို ကုသပေးနေမှုကိုလည်းကောင်း၊ ပြန်လည်သန်စွမ်းမှုဌာနတွင် ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကုသနေမှုကိုလည်းကောင်း သွားရောက်လေ့လာကြသည်။

ဇွန် ၂၈ ရက်ကလည်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျန်းရှီးပြည်နယ် တိုင်းရင်းဆေးပညာ အုပ်ချုပ်ရေးအဖွဲ့ခေါင်းဆောင်နှင့် ပါတီအတွင်းရေးမှူးဦးဆောင်သည့် အဖွဲ့နှင့် တွေ့ဆုံ၍ တိုင်းရင်းဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေ၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် နန်ချန်း တိုင်းရင်းဆေး တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးသွားမည့် အစီအစဉ်၊ တိုင်းရင်းဆေးပညာပြတိုက်ပေါ်ထွန်းလာရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ချမှတ်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတက်ရောက်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်  နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ပေကျင်း ဇွန် ၂၉**

နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Great Hall of the People ၌ ဇွန် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပသော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ချမှတ်သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင်က လွန်ခဲ့သည့်နှစ်ပေါင်း (၇၀)အတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်၏အရေးကြီးသည့် အနှစ်သာရနှင့် ကမ္ဘာလုံးဆိုင်ရာအရေးကြီးသည့် ပြောင်းလဲမှုများအကြား လူသားများအတွက် အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရန်လမ်းကြောင်း၏ ညွှန်ပြမှုတို့ကို မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန်နံနက် ၁၁ နာရီတွင် ပြီးမြောက်ခဲ့သည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ (ငြိမ်း)နှင့်အတူ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ကျော်၊ မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနုနှင့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ယင်းအခမ်းအနားသို့ နိုင်ငံအကြီးအကဲဟောင်းနှင့် အစိုးရအဖွဲ့အကြီးအကဲဟောင်း ၂၀ အပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများ၊ သံတမန်ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ မီဒီယာနှင့် စီးပွားရေးအသိုက်အဝန်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်သည် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာရှိ Liuhe ခန်းမ၌ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးရာဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ (Mr. Wang Yi) က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**မိန့်ခွန်းပြောကြား**

အဆိုပါနေ့လယ်စာစားပွဲတွင် ဗီယက်နမ် ကွန်မြူနစ်ပါတီဗဟိုကော်မတီနိုင်ငံရေးရာဗျူရိုအတွင်းရေးမှူးဟောင်း Nong Due Manh၊ ဘရာဇီးလ်နိုင်ငံ သမ္မတဟောင်း Dilma Rousseff၊ အီသီယိုးပီးယားနိုင်ငံ သမ္မတဟောင်း Mulatu Teshome Wirtu နှင့် ပြင်သစ်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Dominique Marle Francois Galouzeau de Villepin တို့လည်း တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်က နိုင်ငံများအကြား ဆက်ဆံရာတွင် သာတူညီမျှနှင့်လေးစားမှုအတွက် စံချိန်စံညွှန်းများဖြင့် ကျင့်သုံးနိုင်အောင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို စတင်အကောင်အထည်ဖော်ခဲ့မှု၊ ယင်းမူကြီး(၅)ရပ်ကို လိုက်နာကျင့်သုံးကြသည့်နိုင်ငံများအကြား ပြဿနာရပ်များကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖြေရှင်းနိုင်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေတွင် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ယင်းမူကြီးများ၏ အရေးကြီးမှုတို့ကို မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

**ညစာစားပွဲတက်ရောက်**

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် St.Regis ဟိုတယ်၌ တရုတ်ပြည်သူ့နိုင်ငံခြားရေးရာအဖွဲ့အစည်း (Chinese People's Institute of Foreign Affairs – CPIFA) ၏ ဥက္ကဋ္ဌ မစ္စတာ ဝမ်ချောင်က တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ် ချမှတ်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်စဉ်။

## ၂၀၂၄ ခုနှစ် ကမ္ဘာ့အဒေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၉**

၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၈ ရက်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရွှေယမင်းဦးက "အပူချိန် ထိန်းညှိနည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနိုင်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) မှ ကျောင်းအုပ်ကြီးကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီးက ဉာဏ်စမ်းမေးခွန်းများဖြေဆိုနိုင်ခဲ့သည့်ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကြည်ဇေသော်( ပြန်/ဆက်)**

## မြဝတီမြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းလူထုအသိပညာပေး မြေစိုက်ပိုစတာစိုက်ထူပွဲကျင်းပ

**မြဝတီ ဇွန် ၂၉**

ကရင်ပြည်နယ် မြဝတီမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း လူထုလှုံ့ဆော်ရေး အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲက ဘုရင့်နောင်ဈေးကြီးရှေ့မျက်နှာစာ၌ ကျင်းပသည်။

အဆိုပါ မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို မြဝတီခရိုင် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ် ပညာရေးမှူး ဒေါ်သီရိစုမွန်ထွန်းတို့က လူထုလှုံ့ဆော်ရေး အသိပညာပေး မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **ဇာဖြူဝင်း(မြဝတီ)**



# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ငါးသားပေါက်မျိုးစိုက်ထည့်ပွဲ ကျင်းပ ငလိုက်ရာဘာရေလှောင်ဆည်၌ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ တစ်သိန်းတစ်သောင်း ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဇွန် ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ငါးသားပေါက်မျိုးစိုက်ထည့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံး အနောက်ဘက်ရှိ ငလိုက်ရာဘာရေလှောင်ဆည်၌ ကျင်းပသည်။

ငါးသားပေါက် မျိုးစိုက်ထည့်ပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ဦးဆောင်ပြီး ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ရွှေဝါငါးကြင်းသားပေါက်များကို ငလိုက်ရာဘာရေလှောင်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ရွှေဝါငါးကြင်းသားပေါက်များကို ရေလှောင်ဆည်အတွင်းသို့ တပျော်တပါး ငါးမျိုးစိုက်ထည့်ပေးကြသည်။



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သဘာဝရေပြင်များအတွင်း ရေသယံဇာတများ ပေါများကြွယ်ဝစေရေး၊ ငါးမျိုးများမပြုန်းတီးရေး၊ ငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် ငါးမျိုးစိုက်ထည့်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ယနေ့တွင် ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ တစ်သိန်းတစ်သောင်းကို ငလိုက်ရာဘာ ရေလှောင်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲသို့ လာရောက်သည့် တိုင်းရင်းသားလူငယ်များနှင့် တွေ့ဆုံ

**ရန်ကုန် ဇွန် ၂၉**

အမျိုးသားရေး တာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် အညီ တိုင်းရင်းသားများ အချင်းချင်း စည်းလုံးညီညွတ်မှု မပြိုကွဲစေဘဲ ပိုမိုခိုင်မြဲစေရန်၊ ချစ်ကြည်ရင်းနှီးကြစေရန်နှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မြဲစေရန် ရည်ရွယ်၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲ လေ့လာရေးခရီးစဉ်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲ လေ့လာရေးခရီးစဉ်တွင် ပါဝင်ကြမည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့အစည်းများ၊ လူငယ်မောင်မယ်များနှင့် တွေ့ဆုံပွဲကို ယမန်နေ့ ညနေပိုင်းက ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ ကျင်းပရာ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာပေယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား အနုပညာရှင် လူငယ်မောင်မယ်များ၊ ဖိတ်ကြားထားသူများနှင့် အထူးဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က ယနေ့ ကျင်းပသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက ပဲခူးတိုင်းဒေသကြီး အတွင်း၌ နေထိုင်သည့် တိုင်းရင်းသားများ ပါဝင်သည့်အတွက် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်စည်းလုံးမှုများရရှိလာပြီး တိုင်းရင်းသားရေးရာကိစ္စရပ်များကို ကွန်ရက်သဖွယ် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းရင်းသားများအနေဖြင့် မိမိတို့စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရာတွင် အားလုံးအတူတကွ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးသည် လွန်စွာအရေးကြီးသည့်အတွက် တိုင်းရင်းသားများအားလုံးက စဉ်ဆက်မပြတ် အလေးထား ဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေး လုပ်ငန်းစဉ် (၂) ရပ်နှင့် နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်တို့ကို ကိုယ်စွမ်းဉာဏ်စွမ်း တတ်အားသရွေ့ အပြုသဘောစိတ်ဓာတ်ဖြင့် ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးတို့သည် မိမိတို့၏ စာပေနှင့် ယဉ်ကျေးမှု လုပ်ငန်းကိစ္စရပ်များကို ပြဋ္ဌာန်းထားရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ကြစေလိုပါကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေဘဲ တိုင်းရင်းသားပြည်သူများအားလုံး မျှော်လင့်တောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍမှ အားကြိုးမာန်တက်ဖြင့် အစွမ်းကုန် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ယဉ်ကျေးမှု အကအဖွဲ့များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ လူငယ်မောင်မယ်အကအဖွဲ့များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး တိုင်းရင်းသားလူငယ်မောင်မယ်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် အတူတကွ "ပြည်ထောင်စုသွေး" သီချင်းဖြင့် စုပေါင်းယိမ်းအကကို သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ခေါင်းဆောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြင်ဦးလွင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုများပေးအပ်

**ပြင်ဦးလွင် ဇွန် ၂၉**

၂၀၂၄ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် (၁၀၂) နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ မိုးစပါးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မိမိမြို့နယ်အစီအစဉ်ဖြင့် သွင်းအားစုများကို ဇွန် ၂၇ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သွင်းအားစုများ ပေးအပ်ရာတွင် မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်နှင့် တာဝန်ကျအဖွဲ့များ၊ မြို့နယ် သမဝါယမအသင်းစုမှ တာဝန်ရှိသူများသည် တစ်ဧကလျှင် နှစ်သိန်းနှုန်းနှင့် ညီမျှသော သွင်းအားစု (စမ်းဝတီသဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ)တန်ဖိုး ငွေကျပ် ၇၆၈ သိန်းကို မိုးစပါး စိုက်ပျိုးမည့် အသင်းသား တောင်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သွေးသွေး**
**(ခရိုင်/ပြန်ဆက်)**



# ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ ရေးသားချက်များအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြင်းထန်စွာကန့်ကွက်ကြောင်းထုတ်ပြန်ချက်ကို အဖွဲ့အစည်းအသီးသီးက ကြိုဆိုထောက်ခံကြောင်း သဘောထားများထုတ်ပြန်

**နေပြည်တော် ဇွန် ၂၉**

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးပါရန် တောင်းဆိုမှုများကို ဖော်ပြထားပါသည်။

**ထိုကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာတွင် ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များက** ၎င်းအစီရင်ခံစာတွင်ပါဝင်သည့် ရေးသားချက်များအား ပြင်းထန်စွာ ကန့်ကွက်ကြောင်း ၂၈-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ ရေးသားချက်များအပေါ် ပြင်းထန်စွာ ကန့်ကွက်ကြောင်း **မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၏** သဘောထားထုတ်ပြန်ချက်ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်တို့မှ ထောက်ခံကြိုဆိုပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ
## သဘောထားကြေညာချက် (၅/၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ (၂၆-၆-၂၀၂၄)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ ဘဏ်များနှင့် ပတ်သက်သည့် ဖော်ပြချက်များတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် အဆိုပါရေးသားချက်အပေါ် ပြင်းထန်စွာကန့်ကွက်ပါကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့ပါသည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ဖော်ပြချက်သည် မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီမှုမရှိဘဲ အများပြည်သူအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် အချက်များပါဝင်နေသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြင်းထန်စွာကန့်ကွက်ကြောင်း ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့်လည်း အပြည့်အဝထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၏
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားပါသည်။

အဆိုပါဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါ ရေးသားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ၂၈-၆-၂၀၂၄ ရက်နေ့တွင် ပြင်းထန်စွာကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေပါသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ ရေးသားချက်ကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာ ဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားကြောင်း သိရှိရသည်။

အဆိုပါဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ပြီး မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကို ထိခိုက်စေနိုင်သဖြင့် အဆိုပါ တောင်းဆိုရေးသားချက်အား ၂၈-၆-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း အသိပေးထုတ်ပြန်ချက်ကို သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ထောက်ခံကြိုဆိုကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်
## (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားကြောင်း သိရှိရပါသည်။

၂။ အဆိုပါ ရေးသားဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါ တောင်းဆိုရေးသားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ၂၈-၆-၂၀၂၄ ရက်နေ့တွင် ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း အသိပေးထုတ်ပြန်ချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားပါသည်။

၂။ အဆိုပါဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါရေးသားချက်အား ၂၈-၆-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း အသိပေးထုတ်ပြန်ချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာ ဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့်အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားရှိကြောင်း သိရှိရသည်။

၂။ အဆိုပါဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါရေးသားချက်ကို ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားကြောင်း သိရှိရပါသည်။

အဆိုပါဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ပြီး မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါရေးသားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ၂၈-၆-၂၀၂၄ ရက်နေ့တွင် ပြင်းထန်စွာကန့်ကွက်ပါကြောင်း အသိပေးထုတ်ပြန်ချက်ကို ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက ထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုဖော်ပြမှုများ ပါဝင်သည်ကို သိရှိရပါသည်။

၂။ အဆိုပါဖော်ပြမှုများသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါ တောင်းဆိုရေးသားချက်အား ၂၈-၆-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ပြင်းထန်စွာကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏
## သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များက ၎င်းအစီရင်ခံစာအား ပြင်းထန်စွာ ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ချက်ကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ထောက်ခံကြိုဆိုပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဇံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုဖော်ပြထားမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ ရေးသားချက်ကို မြန်မာနိုင်ငံဇံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ ဇံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ယုံကြည်ခြင်း ဇံဂေလိအသင်းတော်(ပဲခူး)
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုဖော်ပြမှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် အဆိုပါ တောင်းဆိုရေးသားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ၂၈-၆-၂၀၂၄ ရက်နေ့တွင် ပြင်းထန်စွာကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်ကို ယုံကြည်ခြင်း ဇံဂေလိအသင်းတော်(ပဲခူး)က ထောက်ခံကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ယုံကြည်ခြင်း ဇံဂေလိအသင်းတော်(ပဲခူး)**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ၌ ပါဝင်နေသည့်အတွက် အရေးယူပေးပါရန် တောင်းဆိုမှုများ ဖော်ပြထားသော အစီရင်ခံစာကို ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ရေးသားဖော်ပြချက်များသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်မည်ဖြစ်သည့်အတွက် ၎င်းအစီရင်ခံစာအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြင်းထန်စွာကန့်ကွက်ကြောင်း ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၂၆-၆-၂၀၂၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့သည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ ပါဝင်နေသည့်အတွက် အရေးယူပေးပါရန် တောင်းဆိုမှုများသည် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသည့်အပြင် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ ရေးသားချက်ကို မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုဖော်ပြထားကြောင်း သိရှိရပါသည်။

၎င်းရေးသားချက်များသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက် နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ ရေးသားချက်ကို လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုဖော်ပြပါရှိကြောင်း သိရှိရပါသည်။

၂။ အဆိုပါ ဖော်ပြချက်များသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်သဖြင့် အဆိုပါတောင်းဆိုရေးသားချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ၂၈-၆-၂၀၂၄ ရက်နေ့တွင် ပြင်းထန်စွာကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ထောက်ခံကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

၂၆-၆-၂၀၂၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဘဏ်များနှင့် ပတ်သက်သော အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ ၎င်းထုတ်ပြန်ချက်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုခဲ့ပါသည်။

၎င်းတောင်းဆိုချက်များတွင် မြန်မာနိုင်ငံပြည်သူများ၏ အကျိုးစီးပွားများကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များက ၂၈-၆-၂၀၂၄ နေ့က ကန့်ကွက်ခဲ့ပါသည်။

ထိုသို့ ကန့်ကွက်ခြင်းသည် မြန်မာနိုင်ငံပြည်သူများနှင့် ပြည်ပနိုင်ငံဆက်ဆံရေးများကို အကျိုးရှိစေသည့် ကန့်ကွက်မှုမျိုးဖြစ်သောကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၏ လုပ်ဆောင်မှုကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သဘောတူထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သတင်းထုတ်ပြန်ချက်

၂၈-၆-၂၀၂၄

## ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ ဘဏ်များနှင့် ပတ်သက်သည့် ဖော်ပြချက်များအပေါ် စိုးရိမ်ပူပန်မိကြောင်း ထုတ်ပြန်ချက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် အပြည်ပြည်ဆိုင်ရာ ဘဏ်များ၊ ပြည်တွင်း နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ ပါဝင်နေသည့်အတွက် အရေးယူပေးပါရန် တောင်းဆိုမှုများဖော်ပြထားသော အစီရင်ခံစာတစ်စောင်ကို ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းအစီရင်ခံစာသည် စီးပွားရေးအရ ထိခိုက်မှုများရှိနိုင်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ စိုးရိမ်ပူပန်မိပါကြောင်း အောက်ပါအတိုင်း ထုတ်ပြန်အပ်ပါသည်။

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြု၍ မြန်မာ့စီးပွားရေး စဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာနှင့်ချိတ်ဆက်မှုများ ကောင်းမွန်ချောမွေ့စေရန် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ထုတ်ပြန်ချက်ပါ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့ကို အရေးယူရန် လုပ်ဆောင်ခြင်းသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများလည်ပတ်မှုအပေါ် သိသာသည့် သက်ရောက်မှုများရှိစေသည့်အပြင် အဆိုပါလုပ်ငန်းများကို မှီခိုနေသော ဝန်ထမ်းများနှင့် ၎င်းတို့မိသားစုများ၏ စားဝတ်နေရေးကိုပါ ထိခိုက်စေနိုင်ပါသည်။ ဘဏ္ဍာရေးစနစ်သည် စီးပွားရေးလုပ်ငန်းများ၏ သွက်လက်မှုကို ထောက်ပံ့ပေးနေသော အဓိကကျသည့်အချက်ဖြစ်၍ အဆိုပါစနစ်ကို ပိတ်ပင်ခြင်းကြောင့် မြန်မာ့စီးပွားရေးအရင်းအမြစ်များကို ထိခိုက်စေပါသည်။

၃။ နိုင်ငံပိုင်ဘဏ်များ အပါအဝင် ပြည်တွင်းဘဏ်များအားလုံး၏ အပြည်ပြည်ဆိုင်ရာ အဆက်အသွယ်ဘဏ်များအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပ ငွေကြေးလွှဲပြောင်းမှုများကို ဆောင်ရွက်ပေးရာတွင် လိုအပ်သည့် အထောက်အထားများအား ရယူ၍ အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း (Enhanced Due Diligence- EDD) အား ကောင်းစွာဆောင်ရွက်ကာ ပြည်သူအများနှင့် စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးဝန်ဆောင်မှုများ ချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် နိုင်ငံတွင်း စီးပွားရေးလုပ်ငန်းများအား ထိခိုက်စေနိုင်မှုမှတစ်ဆင့် အများပြည်သူနစ်နာဆုံးရှုံးစေမှုကို မဖြစ်ပေါ်စေရန်နှင့် သာမန်ပြည်သူများ၏ လူမှုစီးပွားဘဝအား ထိခိုက်မှုမရှိစေရန်တို့ကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများအား တိုက်တွန်းလိုပါသည်။

၅။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုချက်များသည် မြန်မာပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား စီးပွားရေးအရ ဆက်ဆံမှုကိုလည်း ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် စိုးရိမ်ပူပန်မိပါကြောင်းနှင့် အသင်းချုပ်သည် နိုင်ငံ့စီးပွားရေးနှင့် သာမန်ပြည်သူများ၏ လူမှုစီးပွားဘဝများ ရှင်သန်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)**

# မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည် ဘဏ်လုပ်ငန်းများကို မှီခိုအသုံးပြုနေရ၍ နိုင်ငံတကာအဖွဲ့အစည်းများမှ အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအပေါ် သတင်းထုတ်ပြန်ချက်

ရက်စွဲ - ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၉) ရက်

၁။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန် ပြည်ပတင်ပို့သည့် လုပ်ငန်းများ၊ လယ်ယာထွက်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများကို အဓိကလုပ်ကိုင်ဆောင်ရွက်နေကာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးတို့ကို တစ်ထောင့်တစ်နေရာမှ အကျိုးပြုနေပါသည်။ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကလယ်ယာစီးပွားရေးလုပ်ငန်းများအားလုံးသည် ဘဏ်လုပ်ငန်းများ၏ လယ်ယာသားငါးထုတ်လုပ်ရေးအတွက် ချေးငွေများ၊ ကျေးလက်ဖွံ့ဖြိုးရေးချေးငွေများ၊ အသေးစားချေးငွေများအပါအဝင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ရယူ၍ လုပ်ငန်းများကို ဆောင်ရွက်နေရခြင်းဖြစ်ပါသည်။

၂။ ဆန်စပါးနှင့် စားနပ်ရိက္ခာ ထုတ်လုပ်တင်ပို့ရောင်းချမှုအတွက် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ စီးပွားရေးမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်နေရပြီး နိုင်ငံတကာဘဏ်များနှင့် ကုန်သွယ်မှုဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေပေးချေမှုများ၊ ငွေလွှဲမှုများကို နိုင်ငံတကာဘဏ်လုပ်ငန်း စံချိန်စံနှုန်းများ၊ စနစ်များနှင့်အညီ လိုက်နာဆောင်ရွက်နေကြပါသည်။ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး အပါအဝင် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆန့်ကျင်သော ငွေကြေးလုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှုဖြင့် ဘဏ်များမှ ထိရောက်စွာစိစစ်ခြင်း၊ တားမြစ်အရေးယူခြင်းနှင့် လိုက်နာလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါသည်။ နိုင်ငံတကာမှ လယ်ယာထွက်ကုန်ဝယ်ယူသူ (Buyer) များ၏ နိုင်ငံတကာဘဏ်များသည်လည်း မြန်မာနိုင်ငံရှိ ဘဏ်များနှင့် နိုင်ငံတကာဘဏ်လုပ်ငန်း၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ ဘဏ်များ၊ မြန်မာနိုင်ငံနှင့် ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်နေသော နိုင်ငံတကာဘဏ်များကို အရေးယူရန် တောင်းဆိုတိုက်တွန်းမှုများသည် ပြည်သူအများစု မှီခိုနေသည့် လယ်ယာကဏ္ဍနှင့် စားနပ်ရိက္ခာဖူလုံမှု၊ စားနပ်ရိက္ခာထုတ်လုပ်မှုလုပ်ငန်းများကို ထိခိုက်နစ်နာစေရန် ဦးတည်သကဲ့သို့ဖြစ်ပါမည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဘဏ်လုပ်ငန်းများ တည်ငြိမ်ကောင်းမွန်ရေးကို ရှေးရှုပြီး မှန်ကန်သောမြေပြင်အခြေအနေ၊ တိကျခိုင်လုံသော အချက်အလက်များ၊ လက်တွေ့ဆောင်ရွက်နေမှုအခြေအနေများကို လေ့လာသုံးသပ်လျက် အပြုသဘောဖြင့်သာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လုပ်ဆောင်သင့်ပါကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ သဘောထားကို ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုမှုများ ဖော်ပြထားကြောင်း သိရှိရပါသည်။

၂။ အဆိုပါ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါဘဏ်များနှင့် ပတ်သက်သည့် ဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် အဆိုပါရေးသားချက်အပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုချက်များသည် မြန်မာပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား စီးပွားရေးအရ ဆက်ဆံမှုကိုလည်း ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၎င်းအစီရင်ခံစာအား ပြင်းထန်စွာကန့်ကွက်ကြောင်း ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်ကို မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ ပါဝင်နေသည့်အတွက် အရေးယူပေးပါရန် တောင်းဆိုမှုများ ဖော်ပြထားသော အစီရင်ခံစာကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၎င်းအစီရင်ခံစာ ထုတ်ပြန်ခဲ့မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များက ပြင်းထန်စွာကန့်ကွက်ကြောင်း ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် ဇွန် ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်သူများ ဆုပေးအပ်ချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/အမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ သားသမီးများသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည့်နည်းတူ ပညာရေးသည်လည်း နိုင်ငံတော်၏ အနာဂတ်ဖြစ်သဖြင့် ဝန်ထမ်းများ၏ သားသမီးများကို ပညာတတ်လူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းမိဘများက မိမိတို့၏ သားသမီးများကို နိုင်ငံတော်အတွက် အားကိုးအားထားပြုထိုက်သည့် လူငယ်များဖြစ်လာစေရေး၊ နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်များကို လက်ဆင့်ကမ်းရယူနိုင်ရေး၊ နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် ပညာတတ်လူငယ်များဖြစ်ပေါ်လာစေရေး၊ ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ကြိုးစားမှုရလဒ်များသည် မိဘများ၏ ဂုဏ်သိက္ခာဖြစ်သဖြင့် ကျောင်းပညာများကို ထူးချွန်အောင်ကြိုးစားသင်ယူကြစေလိုကြောင်းနှင့် နိုင်ငံ၏အခြေခံအကျဆုံးကဏ္ဍသည် ပညာရေးကဏ္ဍဖြစ်သဖြင့် “ပညာမြင့်မှ လူမျိုးတင့်မည်” ဆိုသော စကားနှင့်အညီ ပညာရေးဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် မြင့်မားတိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ဂုဏ်ပြုဆုများပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မသီရိစန္ဒာဦး(**အပေါ်ပုံ**)၊ နှစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မောင်အောင်ခေတ်ပိုင်နှင့် တက္ကသိုလ်ဝင်တန်းတွင် နှစ်ချင်းပေါက်အောင်မြင်ခဲ့သည့် မောင်ဉာဏ်လင်းထွန်းတို့ကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းတို့တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း ပညာသင်ထောက်ပံ့ကြေးများပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများကိုယ်စား လေးဘာသာဂုဏ်ထူးရှင် မသီရိစန္ဒာဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ချီးမြှင့်ထောက်ပံ့**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူသုံးဦးနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၂၁၂ ဦးတို့အတွက် စုစုပေါင်း ပညာသင်ထောက်ပံ့ကြေး ငွေကျပ်၁၀၇၅၀၀၀၀ ကို ချီးမြှင့်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းစည်းဝေး



**နေပြည်တော် ဇွန် ၂၉**

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စက်မှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ (**ယာပုံ**)

**ချိတ်ဆက်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းအေဂျင်စီသည် SME ဥပဒေပုဒ်မ ၂၈ အရ SME စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် စက်ရုံများတည်ထောင်ရန်မြေ (သို့မဟုတ်) လုပ်ငန်းနေရာကို သက်သာသောနှုန်းထားဖြင့် ငှားရမ်းခြင်း ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနသည် ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ၊ ဘွိုင်လာဥပဒေ၊ လျှပ်စစ်ဥပဒေ၊ SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေနှင့် စက်မှုဇုန်ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဆိုင်ရာအစိုးရအဖွဲ့နှင့် ကော်မတီများအနေဖြင့် စက်မှုလုပ်ငန်း၊ စက်မှုဇုန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ ချိတ်ဆက်ဆောင်ရွက်သွားနိုင်ကြောင်း ပြောကြားသည်။

**လိုက်နာဆောင်ရွက်**

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ စက်မှုဇုန် ဥပဒေ၏ ရည်ရွယ်ချက်၊ ကော်မတီများဖွဲ့စည်းခြင်း၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ တည်ထောင်ပြီးစက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲစက်မှုဇုန်စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

**စက်မှုဇုန်နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

ယင်းနောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ စက်မှုဇုန်နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ ခရိုင်အဆင့်တာဝန်ရှိသူများနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌတို့က စက်မှုဇုန်အတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဇွန် ၂၈ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြံခင်းမြို့ရှိ အမှတ်(၃၂) အကြီးစားစက်ရုံ(ကြံခင်း) အစည်းအဝေးခန်းမ၌ စက်ရုံရှိ အရာထမ်းများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို စက်စွမ်းအားပြည့် လည်ပတ်၍ ထုတ်ကုန်များ ထုတ်လုပ်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံရှိတပ်ဆင်ထားရှိသော စက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် တစ်ဦးချင်းအသိစိတ်ဓာတ်ဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆောက်အအုံ၊ မြေနှင့်စက်ရုံပိုင် ပုံသေပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် စနစ်တကျ ထိန်းသိမ်းထားရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က စက်ရုံဆိုင်ရာအချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကိုလည်းကောင်း ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



နေပြည်တော် ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များသည် ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။ (ယာပုံ)

ဦးစွာ တိုင်းရင်းသားစာပေနှင့် ဘုရားရင်ပြင်တော် ပတ်လည်၌ ယဉ်ကျေးမှု အသင်းအဖွဲ့များသည် စကျင်ကျောက်များ အသုံးပြု၍ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ထားသည့် ဂန္ဓကုဋိအား ဖူးမြော်ကြည်ညိုကြပြီး တိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။



ထို့နောက် ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့က ဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်း ဆောင်ရွက်နေမှု၊ ကျောက်စာရုံ စေတီတော်များ တည်ထား ဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေများနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက်လေ့လာရေးအဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များအားအစာကျွေးကြကာ (ဝဲပုံ) အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များမှ အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနသို့ ရောက်ရှိကြရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့်တာဝန်ရှိသူများက ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည်လေ့လာရေးအဖွဲ့များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကမ္ဘာ့ပထဝီနိုင်ငံရေး၊ မြန်မာ့ပထဝီနိုင်ငံရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်သူ့စစ်မှုထမ်း ဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်ရုရှား၊ မလေးရှား၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဥဇဘက်ကစ္စတန်နှင့် မြန်မာနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မြန်မာလှေလှော်အဖွဲ့သည် မီတာ၂၀၀၊ မီတာ၅၀၀၊ မီတာ၂၀၀၀ ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အုပ်ချုပ်/နည်းပြ နှစ်ဦး၊ အမျိုးသားအားကစားသမား ၁၂ ဦးတို့သည် ဇူလိုင် ၁ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**



ပျဉ်းမနားမြို့နယ် မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသင့်ရှိမှု၊ ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်ထားမှုနှင့် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်ခန်းများ အမြဲလေ့ကျင့်ဆောင်ရွက်ထားရှိမှုကို ဇွန် ၂၉ ရက်က နေပြည်တော်တိုင်း မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟ ကြည့်ရှုစစ်ဆေးစဉ်။ ဇော်ဘီ

❊ *ကျောဖုံးမှ*

ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု (ဂ) ၌ ဩစတြေးလျအသင်းက ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး ကျန်တစ်နေရာအတွက် ဒုတိယနေရာရအသင်း သုံးသင်းအနက် ထိုင်းအသင်းက အကောင်းဆုံးအသင်း ဖြစ်လာကာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရခဲ့သည်။

ဒုတိယနေရာရ အသင်းများတွင် အုပ်စု (က) မှ လာအိုအသင်းက ခြောက်မှတ်၊ အုပ်စု (ခ) မှ ကမ္ဘောဒီးယားအသင်းက ခုနစ်မှတ်၊ အုပ်စု (ဂ) မှ ထိုင်းအသင်းက ခုနစ်မှတ်ရရှိပြီး ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတွင် ထိုင်းအသင်းက ဂိုးကွာခြားချက်အသာရသဖြင့် အကောင်းဆုံးအုပ်စုဒုတိယနေရာရခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်း၊ အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့်ဩစတြေးလျအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု (ခ) တွင် ပါဝင်ခဲ့သော်လည်း တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ် ခြောက်မှတ်သာရရှိပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် ဘရူနိုင်းကိုသာ အနိုင်ရပြီး ကမ္ဘောဒီးယားနှင့် ဗီယက်နမ်ကို အရေးနိမ့်ခဲ့သည်။

**ရဲရင့်လွင်**

❒ *ကျောဖုံးမှ*

အခွင့်အရေးရရှိခဲ့သော်လည်း ပါကွီတာအဆုံးသတ်သွင်းယူမှု လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ပြိုင်ဘက်ပါရာဂွေးအသင်းသည် ဘရာဇီးအသင်းကို ခြေရည်တူ ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိနေသောကြောင့် သွင်းဂိုးရရှိရေး ရုန်းကန်ခဲ့ရသည်။

ပွဲချိန် ၈၁ မိနစ်တွင် ပါရာဂွေးအသင်းမှ ကုဘတ်စ် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ဘရာဇီးအသင်းမှ တိုက်စစ်ကစား သမားဗင်နီးစီးယပ်စ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးနှစ်ဂိုး ရယူနိုင်ခဲ့သည်။ ဘရာဇီးအသင်းအတွက် သွင်းဂိုးများကို ဗင်နီးစီးယပ်စ်၊ ဆာဗင်ညိုနှင့် ပါကွီတာတို့က သွင်းယူပေးနိုင်ခဲ့သည်။

ပွဲစဉ် (၂) ပြီးဆုံးချိန်တွင် အုပ်စု (ဃ) ကို ကိုလံဘီယာအသင်းက ရမှတ်ခြောက်မှတ်ဖြင့် ဦးဆောင်ထားသည်။ အုပ်စု ဒုတိယနေရာတွင် ဘရာဇီးအသင်းက ရမှတ်လေးမှတ်ဖြင့် ရပ်တည်နေသည်။

ကော့စတာရီကာအသင်းက ရမှတ်တစ်မှတ်နှင့်အတူ အုပ်စု တတိယနေရာတွင် ရပ်တည်နေပြီး ပါရာဂွေးအသင်းက ရမှတ်ရရှိထားခြင်းမရှိဘဲ အုပ်စုအောက်ဆုံးတွင် ရပ်တည်နေသည်။ ကိုပါအမေရိကပြိုင်ပွဲ အုပ်စု (ဃ) နောက်ဆုံးပွဲစဉ်တွင် ဘရာဇီးက ကိုလံဘီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပါရာဂွေးက ကော့စတာရီကာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု (ဃ) ပွဲစဉ် (၂) မှ ဇွန် ၂၉ ရက် နံနက် ၄ နာရီခွဲတွင် ကိုလံဘီယာနှင့် ကော့စတာရီကာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ကိုလံဘီယာအသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# (၃၆) ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးပြုလုပ်

**နေပြည်တော်  ဇွန်  ၂၉**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၃၆)ကြိမ်မြောက် မြန်မာ – ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက်ပိုင်းက မြိတ်မြို့ရှိ ပုလဲသန္တာဟိုတယ်၌ပြုလုပ်ရာ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ဒုတိယခေါင်းဆောင် ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Lt.Gen. Prasan Saengsirirak နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။




### အပြန်အလှန်မိတ်ဆက်

ဦးစွာ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Prasan Saengsirirak တို့က အမှာစကားပြောကြားကြပြီး နှစ်နိုင်ငံအဖွဲ့ဝင်များက အပြန်အလှန်မိတ်ဆက်ကြသည်။

ထို့နောက် နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကဏ္ဍအလိုက် အသီးသီးဆွေးနွေး

အဆိုပါ (၃၆) ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာကော်မတီ အစည်းအဝေးတွင် ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသဆိုင်ရာ ကိစ္စရပ်များနှင့် အခြားကိစ္စရပ်များအား ကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြသည်။

### ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ညပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေက ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Prasan Saengsirirak နှင့် နယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်ကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များအား ပုလဲသန္တာဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



### အတည်ပြုလက်မှတ်ရေးထိုး

ဆက်လက်၍ အစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပုလဲသန္တာဟိုတယ်၌ ဆက်လက်ကျင်းပရာ နှစ်နိုင်ငံကိုယ်စားလှယ် ခေါင်းဆောင်များ က (၃၆) ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး သဘောတူညီချက်များအား အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြကာ အမှာစကားများ ပြောကြားကြသည်။

ထို့နောက် နှစ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင်များသည် နှစ်နိုင်ငံ အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန်ပေးအပ်ကြပြီး ကော်မတီအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ၍ **(အပေါ်ပုံ)** ကော်မတီအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(၃၆) ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးကို တက်ရောက်လာကြသည့် ထိုင်းကိုယ်စားလှယ်အဖွဲ့များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မြိတ်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများအား သွားရောက်ဖူးမြော်ခြင်း၊ အခြားအထင်ကရနေရာများအား သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ ဂုဏ်ပြုညစာစားပွဲများ၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက သွားရောက်ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော်  ဇွန်  ၂၉**
နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကိုယ်တိုင်ပါဝင်ထမ်းဆောင်နိုင်ရေးအတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းပြီးသင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားများကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်သည်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲများတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေး အဖွဲ့များက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သင်တန်းကျောင်း၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သင်တန်းကျောင်းများ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သင်တန်းကျောင်းများ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိသင်တန်းကျောင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ သင်တန်းကျောင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ သင်တန်းကျောင်းများ၌လည်းကောင်း သွားရောက် ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြရာ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ **(အောက်ပုံ)** လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ကရင်ပြည်နယ်အတွင်းရှိကျောင်းတိုက်များသို့ ပိဋကတ်သုံးပုံပါဠိတော် ဆက်ကပ်လှူဒါန်း



**ဘားအံ ဇွန် ၂၉**

နေပြည်တော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲက လှူဒါန်းသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံပါဠိတော် (မြန်မာ၊ ရိုမန်) အက္ခရာနှစ်မျိုး ပိဋကတ်ကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၉ ရက်က ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ အမှူးပြုသော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒါယကာ၊ ဒါယိကာမများက နိုင်ငံတော်သြဝါဒါစရိယ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဆရာတော်ကြီးများအား ပိဋကတ်ကျမ်းစာအုပ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သြဝါဒါစရိယ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ဆက်ကပ်လှူဒါန်းပွဲတွင် ပိဋကတ်သုံးပုံ (မြန်မာ၊ရိုမန်)အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသောကျမ်းစာအုပ် အုပ်ရေ ၄၀ ပါ တစ်စုံလျှင် ငွေကျပ် ၁၂ သိန်း ခန့်တန်ဖိုးရှိ ပိဋကတ်သုံးပုံကျမ်းစာအုပ် ၁၀၈ စုံကို ဆက်ကပ်လှူဒါန်းခဲ့ကြကာ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်နယ်အတွင်းရှိ ကျောင်းတိုက်များသို့ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မုဒုံမြို့နယ် တရားရုံးအဆောက်အဦသစ်ကို တရားရုံးအင်္ဂါရပ်များ၊ နည်းပညာဆိုင်ရာ အထောက်အပံ့များနှင့်အညီ တင့်တယ်ထည်ဝါစွာ ဖွင့်လှစ်

**မော်လမြိုင် ဇွန် ၂၉**

မုဒုံမြို့နယ်တရားရုံး အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရုံးရှေ့၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း အဆိုပါ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်တို့က မုဒုံမြို့နယ် တရားရုံး အဆောက်အဦသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဆောက်အဦ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်တွင် မဏ္ဍိုင်ကြီး (၃) ရပ် ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို ဆောင်ရွက်ရာတွင် ဂုဏ်သိက္ခာရှိစွာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊ အရည်အချင်းပြည့်မီသော တရားရေးအရာရှိများကို လုံလောက်စွာ ခန့်အပ်တာဝန်ပေးအပ်နိုင်စေရန်၊ မုဒုံမြို့နယ် တရားရုံး အဆောက်အဦသစ်ကို တရားရုံးအင်္ဂါရပ်များ၊ နည်းပညာဆိုင်ရာ အထောက်အပံ့များနှင့် အညီ တင့်တယ်ထည်ဝါစွာဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အဆောက်အဦကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းပြုပြင်ခြင်းနှင့် ရုံးသန့်ရှင်းသာယာရေးအတွက် ဆောင်ရွက်ကြရန်၊ အမှုများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်၍ ပြည်သူများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ပေါ်စေရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က မုဒုံမြို့နယ် တရားရုံးအဆောက်အဦသစ် ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပေးအပ်ပြီး တရားရုံး အဆောက်အဦသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို Mawlamyine King Co.,Ltd. ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာက ပြည်နယ် တရားရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်ပြီး တရားရုံး အဆောက်အဦသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

# ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲ လွိုင်ကော်မြို့၌ ကျင်းပ



**လွိုင်ကော် ဇွန် ၂၉**

ကယားပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် ကယားပြည်နယ်ဥပဒေချုပ်ရုံးမှ ကျင်းပသည့် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေအသိပညာ ဗဟုသုတတိုးပွားစေရန်၊ မိမိတို့၏ လုပ်ငန်းခွင်၌ တာဝန်ထမ်းဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်တတ်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေအသိပညာရှိကြရန် လိုအပ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ ဆောင်ရွက်ရာတွင်လည်း စီမံခန့်ခွဲမှုဆောင်ရွက်သူများအနေဖြင့် ဥပဒေကို နားလည်တတ်ကျွမ်းပြီး လေးစားလိုက်နာကြရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအဖွဲ့က အားထားရသည့် ဌာနအဖွဲ့အစည်းများအဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ပြည်နယ်ဥပဒေအရာရှိက လက်ခံယူပြီး ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းကျောင်း Video Clip ကို ပြသခဲ့ပြီး ပြည်နယ်ဥပဒေအရာရှိက ဥပဒေရေးရာဝန်ကြီးဌာနမှ ထုတ်ဝေသည့် စီးပွားရေးစာချုပ်စာတမ်းများနှင့် သက်ဆိုင်သော ညွှန်ကြားချက်စာအုပ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့ထံ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားပြီး ခင်းကျင်းပြသထားသည့် ဥပဒေရေးရာ အသိပညာပေးစာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ သင်တန်းတွင် နိုင်ငံ့ဝန်ထမ်းများ သိသင့်သော ဥပဒေ ၁၃ မျိုးနှင့် သင်တန်းသားသင်တန်းသူ ၅၀ ကို နှစ်ရက်တာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့နယ်အတွင်း သာသနာ့ဗိမာန်တော်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (လွိုင်ကော်)တို့၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်နယ်မီးသတ်တပ်ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့တို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သူနာပြုနှင့်သားဖွားသင်တန်းကျောင်းတွင် ဌာနဆိုင်ရာရုံးများ ယာယီဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ဝန်ထမ်းများယာယီနေရာချထားပေးသည့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အီရန်သမ္မတရွေးကောက်ပွဲတွင် အဓိကပြိုင်ဘက်နှစ်ဦး တစ်ကျော့ပြန်ယှဉ်ပြိုင်မည်




**တီဟီရန် ဇွန် ၂၉**
အီရန်နိုင်ငံ၏ (၁၄) ကြိမ်မြောက် သမ္မတရွေးကောက်ပွဲ၏ နောက်ဆုံးရလဒ်ထွက်ပေါ်ရန် အဓိက ပြိုင်ဘက်နှစ်ဦးဖြစ်သည့် မာဆွတ်ဒ်ပီဇက်ရှိကီယန်နှင့် ဆာအိဒ်ဂျာလီလီတို့ ဇူလိုင် ၅ ရက်တွင် တစ်ကျော့ပြန် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း အီရန်နိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ပြောရေးဆိုခွင့်ရှိသူ မိုဆန်အက်စ်လာမီက ပြောကြားသည်။

အီရန်နိုင်ငံမြို့တော် တီဟီရန်၌ ဇွန် ၂၉ ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပထမအကျော့ရလဒ်များ ကြေညာရာ ပီဇက်ရှိကီယန်က ဆန္ဒမဲ ၁၀၄၁၅၉၉၁ မဲ(၄၂ ဒသမ ၆ ရာခိုင်နှုန်း) နှင့် ဂျာလီလီက ၉၄၇၃၂၉၈ မဲ (၃၈ ဒသမ ၈ ရာခိုင်နှုန်း) အသီးသီးရရှိကြောင်း အက်စ်လာမီက ပြောကြားသည်။ အခြားကိုယ်စားလှယ်လောင်းနှစ်ဦးဖြစ်သည့် မိုဟာမက်ဘာကာ ခါလီဘတ်ဖ်မှာ မဲ ၃၃၈၃၃၄၀ (၁၃ ဒသမ ၈ ရာခိုင်နှုန်း) နှင့် မွတ်စတာဖာ ပူအာမိုဟာမာဒီက ၂၀၆၃၉၇ မဲ (၀ ဒသမ ၈ ရာခိုင်နှုန်း) ရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံ၏ (၁၄) ကြိမ်မြောက် သမ္မတရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်တွင် ကျင်းပရန် ကနဦးသတ်မှတ်ထားသော်လည်း မေ ၁၉ ရက်က ရဟတ်ယာဉ်ပျက်ကျမှုတွင် သမ္မတအီဗရာဟင်ရိုင်စီ သေဆုံးခဲ့ပြီးနောက် ယခုရွေးကောက်ပွဲကို အရေးပေါ် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံမြို့တော် ဒေလီ၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သော မတော်တဆမှုများကြောင့် ရှစ်ဦးသေဆုံး



**နယူးဒေလီ ဇွန် ၂၉**
အိန္ဒိယနိုင်ငံမြို့တော် ဒေလီ၌ မိုးရွာသွန်းမှုနှင့် ဆက်စပ်သော ဖြစ်စဉ်များကြောင့် သေဆုံးသူ ရှစ်ဦးရှိကြောင်း တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

စနေနေ့တွင်ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ပြိုကျတံတိုင်းတစ်ခု၏ အပျက်အစီးများကြားမှ လုပ်သားသုံးဦး၏ ရုပ်အလောင်းများကို ကယ်ဆယ်ရေးသမားများက တွေ့ရှိခဲ့သည့်အတွက် သေဆုံးသူပေါင်း ရှစ်ဦးအထိ မြင့်တက်လာခြင်းဖြစ်သည်။

အဆိုပါ တံတိုင်းသည် သောကြာနေ့ နံနက်ပိုင်းက ပြိုကျခဲ့ခြင်းဖြစ်ကြောင်းနှင့် ဇွန် ၂၈ ရက်က မိုးရေချိန်သည် နှစ်ပေါင်း ၈၈ နှစ်တွင် တစ်ရက်အတွင်း စံချိန်တင်အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။ သောကြာနေ့တွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သော မတော်တဆမှုများကြောင့် ငါးဦးသေဆုံးခဲ့သည်။ **ဆင်ဟွာ**

# အရီဇိုးနားပြည်နယ် တောမီးလောင်မှုကို ရဟတ်ယာဉ်များဖြင့် ငြိမ်းသတ်

**ဆန်ဖရန်စစ္စကို ဇွန် ၂၉**
အမေရိကန် ပြည်ထောင်စု အရီဇိုးနားပြည်နယ် ဖီးနစ်မြို့ အရှေ့မြောက်ပိုင်း၌ တောမီးလောင်မှုကို ရဟတ်ယာဉ်များ အသုံးပြုကာ ဇွန် ၂၈ ရက်တွင် ငြိမ်းသတ်ခဲ့သည်ဟု ဒေသခံ အရာရှိများက ပြောသည်။

ဖီးနစ်မြို့ အနီးတစ်ဝိုက်၌ ဇွန် ၂၈ ရက် က အပူချိန်မှာ ၁၁၀ ဒီဂရီဖာရင်ဟိုက်ရှိပြီး ဒေသခံ ၆၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု သိရသည်။ ရေသယ်ဆောင်လာသည့် ရဟတ်ယာဉ်များ အသုံးပြုကာ တောမီးငြိမ်းသတ်ခြင်းဖြင့် မြေပြင်မှ ဓာတ်အားလိုင်းများကို မီးတောက်များနှင့် ဝေးအောင်ပြုလုပ်နိုင်ခဲ့သည်ဟု အရီဇိုးနား မီးသတ်အရာရှိများက ပြောသည်။



နေအိမ်များကို တောမီးကူးစက်လောင်မည် စိုးရိမ်သည့်အတွက်ဒေသခံများအားဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေး ဖိအားပေးခဲ့ရသည်။ ယခုအချိန်ထိ ဒဏ်ရာရရှိသူနှင့် ပျက်စီးဆုံးရှုံးမှု သတင်းမကြားရသေးချေ။ ကယ်ဆယ်ရေးဇရိယာကို စကော့စဒယ်၏ အရှေ့မြောက်ဘက် ဆင်ခြေဖုံးရပ်ကွက်အထိ တိုးချဲ့ထားပြီး လမ်းများကိုလည်း ပိတ်ထားသည်။ လေပြင်းများ တိုက်ခတ်ပြီး ပူပြင်းခြောက်သွေ့သည့်အခြေအနေများကြောင့် မီးတောက်များ ဆက်လက်လောင်နေသဖြင့် သဘာဝထိန်းသိမ်းစောင့်ရှောက်ရေး အစိတ်အပိုင်းများကို ပိတ်ထားရသည်။ လာမည့်သီတင်းပတ်အတွင်း ပုံမှန်အပူချိန်ထက်ပို၍ ပူမည်ဟု အမျိုးသားမိုးလေဝသဌာနက ပြောသည်။

ဆင်ဟွာ

# အမေရိကန် လူဦးရေအများဆုံး ခရိုင်၌ အိမ်ခြေရာမဲ့ဦးရေ ၇၅၀၀၀ ကျော်ရှိ

**လော့စ်အိန်ဂျလိစ် ဇွန် ၂၉**
လော့စ်အိန်ဂျလိစ် အိမ်ခြေရာမဲ့များဆိုင်ရာဝန်ဆောင်မှု အာဏာပိုင်အဖွဲ့မှထုတ်ပြန်သော ၂၀၂၄ ခုနှစ် အိမ်ခြေရာမဲ့ အရေအတွက်စာရင်းရလဒ်များအရ အမေရိကန်ပြည်ထောင်စုတွင် လူဦးရေအများဆုံးဖြစ်သည့် လော့စ်အိန်ဂျလိစ်၌ ခန့်မှန်းအိမ်ခြေရာမဲ့ဦးရေ ၇၅၃၁၂ ဦးရှိသည်ဟု ဆိုသည်။

ရွက်ဖျင်တဲများ၊ ကားများ အစရှိသည့် ယာယီအမိုးအကာများ လုံးဝမရှိသည့် အိမ်ခြေရာမဲ့ အရေအတွက်မှာ ၅၂၃၆၅ ဦးနှင့် အမိုးအကာရှိသည့် အိမ်ခြေရာမဲ့ ၂၂၉၄၇ ဦးအထိ ရှိလာကြောင်း အေဂျင်စီက အစီရင်ခံထားသည်။ လော့စ်အိန်ဂျလိစ်မြို့၌ အမိုးအကာမရှိသည့် အိမ်ခြေရာမဲ့ ခန့်မှန်းခြေအရေအတွက်အားဖြင့် ၂၉၂၇၅ ဦး သို့မဟုတ် ၁၀ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သော်လည်း အမိုးအကာများအောက်တွင် ခိုလှုံနေသူ အိမ်ခြေရာမဲ့ဦးရေ ၁၅၉၇၇ ဦး သို့မဟုတ် ၁၇ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာသည်ဟု အေဂျင်စီက ဆိုသည်။

လော့စ်အိန်ဂျလိစ်သည် အိမ်ခြေရာမဲ့ဦးရေ အများဆုံး ခရိုင်များထဲမှ တစ်ခုဖြစ်သည်။ အမေရိကန်လွှတ်တော်သို့ တင်ပြခဲ့သည့် ၂၀၂၃ ခုနှစ် နှစ်ပတ်လည် အိမ်ခြေရာမဲ့ အကဲဖြတ်မှု အစီရင်ခံစာအရ အကြမ်းဖျင်း အိမ်ခြေရာမဲ့ ဦးရေ ၆၅၃၁၀၀ သို့မဟုတ် အမေရိကန်ပြည်ထောင်စုရှိ လူ ၁၀၀၀၀တွင် ၂၀ ခန့် အိမ်ခြေရာမဲ့ဘဝသို့ ရောက်ရှိနေသည်ဟု ဆိုသည်။

ဆင်ဟွာ

# တရုတ်နိုင်ငံက ဂြိုဟ်တုအသစ်တစ်စင်းကို အာကာသအတွင်းသို့ လွှတ်တင်

**ဝင်ချန်း ဇွန် ၂၉**
တရုတ်နိုင်ငံသည် နိုင်ငံတောင်ပိုင်း ကျွန်းပြည်နယ် ဟိုင်နန်ကမ်းရိုးတန်းရှိ ဝင်ချန်း ဂြိုဟ်တုလွှတ်တင်ရေးနေရာမှ အာကာသအတွင်းသို့ ဂြိုဟ်တုအသစ်တစ်စင်းကို စနေနေ့တွင် လွှတ်တင်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

Zhongxing-3A အမည်ရှိ အဆိုပါ ဂြိုဟ်တုကို လောင်းမာ့ချ် - ၇ သယ်ဆောင်ရေးဒုံးပျံဖြင့် ပေကျင်းစံတော်ချိန် ည ၇ နာရီ ၅၇ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး သတ်မှတ်ထားသည့် ဂြိုဟ်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ဆက်သွယ်ရေးနှင့် ရုပ်သံလွှင့်ဂြိုဟ်တုအဖြစ် ဒီဇိုင်းထုတ်ထားသော Zhongxing-3A သည် အသံ၊ အချက်အလက်၊ ရေဒီယိုနှင့် ရုပ်သံထုတ်လွှင့်မှု စသည့်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

အဆိုပါ လွှတ်တင်မှုသည် လောင်းမာ့ချ် သယ်ဆောင်ရေးဒုံးပျံများ၏ (၅၂၆) ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ



# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ မီးရှူးမီးပန်းဂိုဒေါင် ပေါက်ကွဲမှုကြောင့် ငါးဦးသေဆုံး

**မနီလာ ဇွန် ၂၉**
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘိုအမ်ဂါမြို့၌ ဇွန် ၂၉ ရက်က မီးရှူးမီးပန်းဂိုဒေါင် ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၂၀ ထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ဒေသစံတော်ချိန် ညနေ ၄ နာရီက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။

အဆိုပါ ပေါက်ကွဲမှုသည် ၁ ဒသမ ၁၄ ကီလိုမီတာအချင်းဝက် သက်ရောက်မှုရှိပြီး ဂိုဒေါင်အနီးရှိ အိမ်များနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ ပျက်စီးခဲ့ရသည်။ အခင်းဖြစ်ပွားရာနေရာသို့ မြို့တော်ဝန် ဂျွန်ဒါလစ် အလျင်အမြန် ရောက်ရှိလာသည်။ ပေါက်ကွဲမှုကြောင့် ငါးဦးသေဆုံးပြီး ကယ်ဆယ်ရေးသမားများက ဒဏ်ရာရရှိသူ ၂၀ ကို ဆေးရုံသို့ပို့ဆောင်ပေးထားကြောင်း သတင်းထောက်များကို ၎င်းက အတည်ပြုပြောကြားခဲ့သည်။

ဒဏ်ရာရရှိသူများအနက် ရှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိသည်ဟု မြို့တော်သဘာဝဘေးလျှော့ချရေး စီမံခန့်ခွဲမှုရုံးက စာရင်းပြုစုထားသည်။ သေဆုံးသူများထဲတွင် ကလေး တစ်ဦးပါဝင်ပြီး ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းကို မီးသတ်သမားများနှင့် ရဲများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# မြစ်ကြီးနားမြို့ လီဆူယဉ်ကျေးမှုကွင်းအတွင်း ပြည်နယ်အဆင့် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုး

**မြစ်ကြီးနား ဇွန် ၂၉**

ရာသီဥတုပြောင်းလဲမှုနှင့် အပူဒဏ်ကာကွယ်နိုင်ရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး ပြည်သူများ သစ်ပင်သစ်တောများ၏တန်ဖိုးကို သိရှိနားလည် မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်ပေါ်လာ၍ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး ရည်ရွယ်၍ ပြည်နယ်သစ်တောဦးစီးဌာနက မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် လီဆူယဉ်ကျေးမှုကွင်းအတွင်း ဇွန် ၂၉ ရက် နံနက် ၇ နာရီခွဲက ၂၀၂၄ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်အတွင်း မိုးရာသီလူထုဖြန့် သစ်မျိုးစုံ ၂၇ မျိုး၊ ပျိုးပင်ပေါင်း ၁၃၁၄၀၀ ပျိုးထောင်ထားပြီး ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ သစ်ပင်စိုက်ပွဲ ၁၄ ကြိမ်၊ သစ်ပင်ပေါင်း ၁၅၀၀၀ ကျော်စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ ပြည်နယ်၏ သစ်တောဖုံးလွှမ်းမှုမှာ ပြည်နယ်ဧရိယာ၏ ၇၀ ဒသမ ၄၉ ရာခိုင်နှုန်း ရှိနေသေးသည့်အတွက် သစ်တောပြုန်းတီးခြင်းကို ဖြစ်ပေါ်စေသည့် ထိန်းချုပ်ကန့်သတ်နိုင်ရေး စနစ်တကျဆောင်ရွက်သွားရမည် ဖြစ်သည့်အပြင် စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်ကြီးထွားအောင် ပြုစုပျိုးထောင်ကြရန် အလေးထားတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးသွားမည့် ပျိုးပင်များကို လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ တာဝန်ရှိသူများထံ ဖြန့်ဝေပေးအပ်ပြီး**(ယာပုံ)** ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ လီဆူစာပေနှင့် ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ရတနာတန်းဝင်ကျွန်းပင်၊ ဆူးထင်းရှူးပင်၊ သပြေပင်၊ မန်ကျည်းရှား၊ ခရေ၊ ပိတောက်၊ တမလန်း၊ ငါးပေါက်၊ အမြောက်ဆံ၊ ရေတမာ၊ စကားဝါ၊ ယင်းမာ၊ ပျဉ်းကတိုးပင် စသည့် ပျိုးပင်ပေါင်း ၈၀၈ ပင်ကျော်ကို စုပေါင်းစိုက်ပျိုးကြကာ တာဝန်ရှိသူများနှင့်အတူ သစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# နိုင်ငံတော်အစိုးရမှ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဇွန် ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည့်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မနေဇာဝင်းအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွား မြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့် ညှိနှိုင်း၍ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မနေဇာဝင်းသည် ဇွန် ၂၈ ရက်က ယူအေအီးနိုင်ငံ ဒိုဟာမြို့မှ ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး စင်ကာပူမှတစ်ဆင့် ရန်ကုန်မြို့သို့ ယမန်နေ့ည ၁၀ နာရီ မိနစ် ၄၀ တွင် ပြန်လည်ရောက်ရှိခဲ့သည်။



ယူအေအီးနိုင်ငံ Sharjah ပြည်နယ်တွင် အလုပ်လုပ်ကိုင်စဉ် အတူတူအလုပ်လုပ်ကိုင်သည့် ဖိလစ်ပိုင်လူမျိုးနှင့် အဆင်မပြေသဖြင့် အေဂျင်စီရုံးသို့ ပြန်လာခဲ့ပြီး နောက်ဆုံးအလုပ်လုပ်ကိုင်ခဲ့သည့် အလုပ်ရှင်နေအိမ်သို့ ရောက်ရှိခဲ့ကာ အိမ်ရှင်အမျိုးသမီးက မကြာခဏ ဆူပူကြိမ်းမောင်းမှုများ၊ ကိုယ်ထိလက်ရောက်ရိုက်နှက်မှုများ ကြုံတွေ့ရပြီး ဒဏ်ရာပြင်းထန်စွာရရှိခဲ့၍ ဆက်လက်အလုပ်လုပ်ကိုင်ရန် ဆန္ဒမရှိတော့သဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလိုကြောင်း အေဂျင့်ရုံးသို့ပြောပြကာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ အကူအညီတောင်းခံမှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့်ရရှိခဲ့ပြီး ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသူ မနေဇာဝင်းသည် မြန်မာနိုင်ငံမှ ဆော်ဒီအာရေဗျနိုင်ငံ အဘူဒါဘီမြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မနေဇာဝင်းက "ကျွန်မကအရှေ့ဒဂုံမြို့နယ်မှာနေပါတယ်။ ဒူဘိုင်းနဲ့ အဘူဒါဘီမြို့မှာ အလုပ်လုပ်ခဲ့တာ နှစ်နှစ်ကျော်ကြာခဲ့ပါတယ်။ လုပ်ခလစာ အပြည့်ရပေမယ့် အစားအသောက်၊ နေထိုင်မှုအဆင်မပြေပါဘူး။ အလုပ်ရှင်အမျိုးသမီးရဲ့ မကြာခဏ ရိုက်နှက်တာကို ခံရတယ်။ ဆက်ပြီးလုပ်ကိုင်ဖို့ အဆင်မပြေတော့တဲ့အတွက် အမိနိုင်ငံကို ပြန်ချင်တာကြောင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးနဲ့ ဆက်သွယ်ပြီး အခုလိုပြန်ခွင့်ရခဲ့တာပါ။ သူတစ်ပါးနိုင်ငံမှာ အခက်အခဲဖြစ်နေချိန် မိမိနိုင်ငံသားတွေရဲ့ နွေးထွေးတဲ့ ကူညီစောင့်ရှောက်မှုဟာ ဘာနဲ့မှ လဲလို့မရတဲ့ မေတ္တာဓာတ်တစ်ခုပါပဲ။ ဖြစ်နိုင်ရင်မသွားစေချင်ပါဘူး။ ဘာသာစကားကျွမ်းကျင်ပြီး သည်းခံနိုင်စွမ်းနဲ့ ခံနိုင်ရည်ရှိမယ်ဆိုရင်တော့ တစ်မျိုးပေါ့။ ပင်ပန်းတဲ့ဒဏ်၊ အိပ်ရေးမဝတဲ့ဒဏ်ကို သွားတဲ့သူတိုင်းကြုံရမှာပါ။ အဲဒီမှာအလုပ်လုပ်ရင် ၉၀ ရာခိုင်နှုန်း အဆင်မပြေကြတာများမှာပါ။ အခုလိုနိုင်ငံတော်က အမိနိုင်ငံသားတွေ ဒုက္ခကြုံတွေ့နေရချိန်မှာ မိသားစုလို ကူညီစောင့်ရှောက်ပေးခဲ့မှုကို ဘယ်လိုမှ မေ့ဖျောက်လို့မရပါဘူး။ နိုင်ငံတော်အစိုးရက တာဝန်ရှိသူများနဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီပေးခဲ့သူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒုက္ခရောက်နေသူများကို ဆက်ပြီးကူညီစောင့်ရှောက်ပေးနိုင်ပါစေလို့ ဆုတောင်းနေပါတယ်" ဟု ပြောကြားသည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့်အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှုမရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့နေရကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံ တွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ညီမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**



## ပန်းချီဆရာ လူမော်၏ တစ်ကိုယ်တော်ပန်းချီပြပွဲ ပြသ

**မန္တလေး ဇွန် ၂၉**

ပန်းချီဆရာ လူမော်၏ (၆) ကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲ ဖွင့်ပွဲကို ဇွန် ၂၉ ရက် နံနက်ပိုင်းက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင် ပန်းချီပြခန်း (Mandalay Hill Art Gallery) တွင် ကျင်းပရာ ပန်းချီဆရာများ၊ ပန်းချီဝါသနာရှင်များ၊ စာရေးဆရာများ၊ သတင်းမီဒီယာများ တက်ရောက်အားပေးကြသည်။

အဆိုပါပြပွဲတွင် အခရိုက်လစ်၊ ပေပါ ပန်းချီအမျိုးအစား ပန်းချီကားပေါင်း ၆၅ ကား ပြသထားပြီး ပြပွဲကို ဇူလိုင် ၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ပြီး မည်သူမဆိုလာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **ခင်ခင်ဝင်း (ပညာရေး)**

## ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးကားဝင်း၌ ဆန်းပြည့်အောင် မောင်းနှင်လာသော TOYOTA SUCCEED မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ညီညီ အား ယင်းနေ့ နံနက် ၁၀ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုခမ္မာလမ်း၌လည်းကောင်း၊ စိုးပိုင်(ခ)ကိုစိုးနှင့် မောင်မောင်ဌေး တို့အား မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံမြို့နယ် ရှမ်းစုရပ်ကွက် ပြည်လမ်းတွင် TOYOTA CORONA မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Black” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရတနာသောင်သစ်ကျေးရွာနေ ချစ်မင်းသူအား ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရွှေလောင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အစိုးရရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ တယ်လီဖုန်းနံပါတ်များသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုများရယူနိုင်ရန် “အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme – PFP)” ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ PFP အစီအစဉ်သည် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် Short Code နံပါတ် “1111” မှတစ်ဆင့် SMS ဖြင့် ပေးပို့မေးမြန်းသော မေးခွန်းများကို ပြည်သူများက အကြံပြုဖြေကြားပေးခြင်းဖြင့် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ၌ လိုအပ်ချက်နှင့် အားနည်းချက်များကို သိရှိပြုပြင်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်သူများက သက်သာသောနှုန်းထားဖြင့် SMS များ ပြန်လည်ဖြေကြားပေးနိုင်ရေး ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## ယူရို ၂၀၂၄ ပြိုင်ပွဲ ၁၆ သင်းအဆင့်

ယူရို ၂၀၂၄ ပြိုင်ပွဲ ၁၆ သင်း အဆင့်ပွဲစဉ်တွေကို ဇွန် ၃၀ ရက်ညပိုင်းနဲ့ ဇူလိုင် ၁ ရက် နံနက်ပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီး အင်္ဂလန်နဲ့ စပိန်တို့ ပြိုင်ဘက်အသင်းများကို အနိုင်ကစားနိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။


| | | | |
|---|---|---|---|
| အင်္ဂလန် | – | ဆလိုဗက်ကီးယား | ည ၁၀း၃၀ |
| စပိန် | – | ဂျော်ဂျီယာ | နံနက် ၁း၃၀ |

## ဂျော်ဂျီယာကို အနိုင်ယူပြီး စပိန် နောက်တစ်ဆင့် တက်လှမ်းဖွယ်ရှိ

■ မိုးဇက် – ရေးသားသည်



### အင်္ဂလန် VS ဆလိုဗက်ကီးယား



အင်္ဂလန်အသင်းက ယူရို ၂၀၂၄ ပြိုင်ပွဲမှာ ဖလားဆွတ်ခူးနိုင်ခြေ မြင့်မားတဲ့အသင်းတစ်သင်းအဖြစ် သတ်မှတ်ခံထားရသော်ငြား အုပ်စုတွင်းပွဲစဉ်တွေမှာ သာမန်ခြေစွမ်းသာ ပြသထားနိုင်တယ်။ ဆလိုဗက်ကီးယားအသင်းက ပြိုင်ဘက်တိုင်းကို မာမာမာထန်ထန်နဲ့ အခက်တွေ့အောင် ကစားနိုင်စွမ်းရှိတယ်။ သို့သော်ငြား သာလွန်တဲ့အဆင့်တစ်ခုမှာရှိတဲ့ အင်္ဂလန်အသင်းကို အနိုင်ယူပြီး နောက်တစ်ဆင့်တက်လှမ်းဖို့ မလွယ်ကူဘူး။



### စပိန် VS ဂျော်ဂျီယာ



နာမည်ကြီး ခရိုအေးရှား၊ လက်ရှိချန်ပီယံ အီတလီတို့ကို ကျော်ဖြတ်ထားနိုင်တဲ့ စပိန်အသင်းရဲ့ ခြေစွမ်းက အကောင်းဆုံးပုံစံမှာ ရှိတယ်။ ဒါ့အပြင် အသင်းတိုက်စစ်က ပွဲစဉ်တိုင်းနီးပါး သွင်းဂိုးရယူနိုင်သလို ခံစစ်ကလည်း လက်ရှိအချိန်အထိ ပေးဂိုးခွင့်ပြုထားရခြင်း မရှိသေးဘူး။ ပေါ်တူဂီကို အနိုင်ယူထားနိုင်တဲ့ ဂျော်ဂျီယာအသင်းရဲ့ ခြေစွမ်းမဆိုးဘူးဆိုပေမယ့် စပိန်အသင်းကို အနိုင်ယူပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်တဲ့အထိ စွမ်းဆောင်နိုင်ဖွယ် မရှိဘူး။

## နေရာကွက်ကျား မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မိုး/ဇလ

## MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၂၉**

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၄ ရာသီ MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်ဇယားထုတ်ပြန်လိုက်ပြီဖြစ်ပြီး အသင်းစုစုပေါင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များကို ဇူလိုင် ၂၃ ရက်မှ စက်တင်ဘာ ၁၁ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ လာမည့်ရာသီ MNL–2 ပြိုင်ပွဲတွင် MNL မှ တန်းဆင်းလာရသည့် ကချင်ယူနိုက်တက်၊ GFA အသင်းအပါအဝင် တက္ကသိုလ်၊ Glory Goal၊ ရွှေပြည်သာယူနိုက်တက်၊ ငွေကြယ်ပွင့်၊ MNL–2 Promotion Amateur Club Tournament 2023 ပြိုင်ပွဲတွင် ဗိုလ်လုပွဲရောက်ရှိပြီး တန်းတက်ကစားခွင့်ရရှိသည့် ရာမညယူနိုက်တက် (ယခင် Rainbow FC)၊ ဧရာဝတီရိန်းဂျား (ယခင် ရိန်းဂျား) အသင်းစုစုပေါင်း ရှစ်သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ် (၁) အဖြစ် ဇူလိုင် ၂၃ ရက်တွင် ပဒုမ္မာကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်း၊ တက္ကသိုလ်ကွင်း၌ GFA အသင်းနှင့် ဧရာဝတီရိန်းဂျားအသင်း၊ ဇူလိုင် ၂၄ ရက်တွင် တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ စလင်းကွင်း၌ Glory Goal အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲကို တက္ကသိုလ်ကွင်း၊ စလင်းကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် နှစ်သင်းမှာ MNL သို့ တန်းတက်ကစားခွင့်ရမည်ဖြစ်သည်။

ရဲရင့်လွင်



မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲနှင့် သရုပ်ပြပွဲကို ဇွန် ၂၉ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိ ဗထူးမိုးလုံ လေလုံအားကစားရုံသစ်၌ ကျင်းပစဉ်။ (သရုပ်ပြပွဲတွင် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများမှ နွေရာသီ ဝူရှူး သင်တန်းသား သင်တန်းသူများက A.B.C နှင့် အခြေခံအဆင့်၊ အဆင့်မြင့် နန်းတုသရုပ်ပြပြိုင်ပွဲများကျင်းပပြီး ဆုရအဖွဲ့များအား ဆုများချီးမြှင့်ကြောင်း သိရသည်။) မောင်ပြည်သူ (မန္တလေး)

# လျှပ်စစ်ဓာတ်အန္တရာယ် အစဉ်သတိပြုဖွယ်

**မိုးဦးလေဦးသို့ရောက်ရှိလာပါက မိုးသက်လေပြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့်အတူ ပေါ်လာသော အန္တရာယ်တစ်ခုရှိသည်။ လျှပ်စစ်ဓာတ်လိုက်မှု အန္တရာယ်ပင်ဖြစ်ပါသည်။ မိုးကြိုးပစ်ခြင်းကိုကာကွယ်၍ မရသော်လည်း လျှပ်စစ်ဓာတ်လိုက်ခြင်းကိုမူ ကာကွယ်နိုင်ပါသည်။ မြွေကိုက်လျှင် ဆေးရှိပါသည်။ ဓာတ်လိုက်လျှင်ကား ဆေးလုံးဝမမီပါ။ ဆေးမရှိတာမဟုတ်၊ ဆေးကုဖို့ပင် အချိန်မမီတာဖြစ်သည်။ မြန်မာစကားပုံတစ်ခု ရှိပါသည်။ သတိမမူတော့ ဂူမမြင်ဟု ဆိုကြသည်။ အမှန်တော့ ပြည်သူတို့ သတိမမူလို့ အန္တရာယ်ဖြစ်နေကြခြင်းဖြစ်ပါသည်။**

*မောင်မောင်စွယ်စုံထွန်း*

၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည့်အလျောက် ရန်ကုန်မြို့အခြေအနေကို ပိုမိုမျက်မြင်တွေ့ရှိခဲ့ရသည်။ ရန်ကုန်မြို့သည် လူဦးရေများပြားပြီး လူနေထူထပ်သိပ်သည်းရာ ဓာတ်လိုက်အန္တရာယ် ပိုမိုဖြစ်ပွားနိုင်ခြေရှိသဖြင့် လျှပ်စစ်ဌာနဘက်မှ မြေအောက်ဓာတ်ကြိုး စနစ်စသည်တို့ဖြင့် ပြောင်းလဲဆောင်ရွက်နေသော်လည်း ဓာတ်လိုက်နိုင်ခြေက ရှိနေဆဲပင်ဖြစ်ပါသည်။

သိပ္ပံပညာထွန်းကားသော ယနေ့လို ခေတ်မျိုးတွင် V=IR ဟူသော အုန်းနိယာမလိုပုံသေနည်းမျိုးကို လူတိုင်းနီးပါး သိကြသည်၊ကြားဖူးကြပေလိမ့်မည်။ ဗို့အားဟူသည် လျှပ်စစ်စီးကြောင်းနှင့် ခုခံအားတို့နှင့် ဆက်စပ်နေသည်။ ခုခံအားသည် လျှပ်စစ်စီးအားနှင့် ပြောင်းပြန်အချိုးကျသည်။ ခုခံအားနည်းလျှင် လျှပ်စစ်စီးအားများလာပြီး ခုခံအားကြီးလျှင် လျှပ်စစ်စီးအားနည်းသွားမည်။ မိုးရာသီတွင် စိုစွတ်သောသဘောရှိသည်။ စိုစွတ်မှုများလျှင် ခုခံအားနည်းလာပြီး စိုစွတ်မှုနည်းလျှင် ခုခံအားများလာမည်။ စိုစွတ်မှုအလိုက် ခုခံမှုအနည်းအများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ခုခံအားအမျိုးအစား | ခုခံအားပမာဏ |
|---|---|---|
| ၁ | ခြောက်သွေ့သောအချိန် | ၁၀၀၀၀၀Ω မှ ၆၀၀၀၀၀Ω |
| ၂ | စိုစွတ်သောအချိန် | ၁၀၀၀Ω |
| ၃ | လက်မှ ခြေဖျားအထိ လျှပ်စစ်စီးဝင်ချိန် | ၄၀၀Ω မှ ၆၀၀Ω |
| ၄ | တိုက်ရိုက်ထိမိပြီး ကြားခံမရှိဘဲ ဖြတ်စီးသောအချိန် | ၁၀၀Ω |

ယနေ့ခေတ်တွင် လျှပ်စစ်ပစ္စည်းများကို လူတိုင်းအသုံးပြုလာကြပြီဖြစ်၍ လျှပ်စစ်နှင့်စပ်လျဉ်းပြီး အသိပညာများ၊ ဆောင်ရန်ရှောင်ရန်များကို လူတိုင်းသိထားကြရန် လိုအပ်လာပြီဖြစ်ပါသည်။ မကြာခဏ လျှပ်စစ်ဓာတ်လိုက်မှုများ ကြားသိနေရပြီး မည်သို့ကာကွယ်သင့်သည်ကို သိထားကြမှသာ မိမိသာမက ပတ်ဝန်းကျင်ကိုပါ ထိခိုက်မှုအန္တရာယ်များမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

အုန်းနိယာမအရ ကြည့်မယ်ဆိုလျှင် ဗို့အားကြီးလာလေ လျှပ်စီးကြောင်းကလည်း ကြီးလာလေဖြစ်လို့ အန္တရာယ်လည်း ပိုများလာပါမည်၊ လျှပ်စီးကြောင်းပမာဏအလိုက် ထိခိုက်နိုင်မှုအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လျှပ်စီးကြောင်းပမာဏ | ထိခိုက်မှုအခြေအနေ |
|---|---|---|
| ၁ | ၁ မီလီအမ်ပီယာ | ကြက်သီးမွေးညင်းထခြင်း |
| ၂ | ၃ မှ ၅ မီလီအမ်ပီယာ | ဆတ်ခနဲဖြစ်ခြင်း |
| ၃ | ၆ မှ ၃၀ မီလီအမ်ပီယာ | နာကျင်မှုခံစားရခြင်း |
| ၄ | ၅၀ မှ ၁၅၀ မီလီအမ်ပီယာ | အပြင်းအထန်နာကျင်ပြီး အသက်ရှုရပ် သေဆုံးနိုင်ပါသည်။ |
| ၅ | ၉၀၀ မှ ၁၀၀၀ မီလီအမ်ပီယာ | နှလုံးရပ်ပြီး သေဆုံးနိုင်ပါသည်။ |

လျှပ်စီးနှင့် ထိပြီး ဓာတ်လိုက်မှုဖြစ်သည့်အခါ လျှပ်စီးကြောင်း ပမာဏအနည်းအများအပေါ် မူတည်ပြီး ကြာသည့်အချိန်ပေါ်တွင် မူတည်ပြီး ဓာတ်လိုက်မှုအန္တရာယ်ကလည်း အနည်းအများ ရှိနိုင်ပါသည်။ ဥပမာ-၁၀၀ မီလီအမ်ပီယာ လျှပ်စစ်စီးကြောင်းကို အချိန် ၃စက္ကန့်ကြာအောင် ထိမိသည့်ဓာတ်လိုက်မှုနှင့် ၉၀၀ မီလီအမ်ပီယာ လျှပ်စစ်စီးကြောင်းကို အချိန် ၀ ဒသမ ၀၃ စက္ကန့်သာ ထိမိပြီး၊




ဓာတ်လိုက်သည့်အခြေအနေက အတူတူပဲဖြစ်ပြီး သေဆုံးနိုင်သည်အထိ ဖြစ်နိုင်ပါသည်။

လျှပ်စစ်ပစ္စည်းများကို ပြုပြင်ဆောင်ရွက်သည့်အခါ လျှပ်စစ် ရှိမရှိ သေချာဖို့လိုသလို (Earth)ကြိုး မြေဓာတ်ချထားခြင်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းတို့ကိုလည်း မဖြစ်မနေဆောင်ရွက်ကြဖို့ လိုပါသည်။ အကြောင်းမှာ လျှပ်စစ်ဓာတ်အားပိတ်ထားသော အခြေအနေတွင်ပင် Feedback ခေါ် အခြားနေရာမှ နောက်ပြန် စီးဝင်နိုင်ခြင်း၊ မိုးကြိုးပစ်၍ လျှပ်စီးဝင်ခြင်း၊ ဓာတ်အားလိုင်းများအကြား Induce ဖြစ်၍ လျှပ်စစ်စီးဝင်ခြင်း စသည်တို့ ကြုံတွေ့လာနိုင်သောကြောင့် ဖြစ်ပါသည်။ ဖြစ်နိုင်ပါက လျှပ်စစ်လုပ်ငန်းလုပ်ကိုင်မည့် မည်သူမဆို သင့်လျော်သော အကာအကွယ်ပစ္စည်းများဖြင့်သာ ဆောင်ရွက်သင့်ပါသည်။

လျှပ်စစ်ဓာတ်အားဗို့အားအလိုက် Clearance ဟုခေါ်သော ဓာတ်လိုက်မှုမှ ရှောင်ရှားနိုင်စေရန် ဗို့အားအလိုက်ရှိရမည့် အကွာအဝေးများကိုလည်း ပြည်သူများအလွယ်တကူ သိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

| စဉ် | ဗို့အား | ဓာတ်လိုက်မှု ရှောင်ရှားရန် ရှိရမည့် အကွာအဝေး |
|---|---|---|
| ၁ | ၂၃၀ဗို့ | တိုက်ရိုက်ထိမှဓာတ်လိုက်နိုင်သည် |
| ၂ | ၄၀၀ဗို့(သို့)၀.၄ ကီလိုဗို့ | ။ |
| ၃ | ၃၃၀၀ဗို့(သို့)၃.၃ကေဗွီဗို့ | ၁ပေ အကွာမှ ဓာတ်လိုက်နိုင်သည် |
| ၄ | ၆၆၀၀(သို့)၆.၆ကေဗွီဗို့ | ။ |
| ၅ | ၁၁၀၀၀(သို့)၁၁ကေဗွီဗို့ | ။ |
| ၆ | ၃၃၀၀၀ဗို့ (သို့)၃၃ကေဗွီဗို့ | ၃ပေ အကွာမှ ဓာတ်လိုက်နိုင်သည် |
| ၇ | ၆၆၀၀၀(သို့)၀.၄ ကေဗွီဗို့ | ၄ပေ အကွာမှ ဓာတ်လိုက်နိုင်သည် |
| ၈ | ၁၃၂၀၀၀(သို့)၁၃၂ ကေဗွီဗို့ | ၆ပေ အကွာမှ ဓာတ်လိုက်နိုင်သည် |
| ၉ | ၂၃၀၀၀၀(သို့)၂၃၀ကေဗွီဗို့ | ၉ပေ အကွာမှ ဓာတ်လိုက်နိုင်သည် |

မည်သို့ပင်ဆိုစေကာမူ လျှပ်စစ်ဓာတ်ကြိုးကိုမြင်လျှင် လျှပ်စစ်စီးဝင်နေသည်ဟု မှတ်ယူ၍ ပေါ့ပေါ့ဆဆ မကိုင်တွယ်မိကြဖို့လိုသည်။ အချို့သော လျှပ်စစ်ကျွမ်းကျင်လုပ်သားကြီးများပင်လျှင် ဓာတ်လိုက်မှုကို မကြာခဏ ကြုံတွေ့နေရသည်က သက်သေသာဓကပင်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်စီးဝင်နိုင်သည်ဖြစ်ရာ လျှပ်စစ်စီးဝင်နေသည်(ဝါ)လျှပ်စစ်ရှိနေသည်ဟူသော အတွေးဖြင့် ပေါ့ပေါ့ဆဆ မကိုင်တွယ်ခြင်းသည်သာ လျှပ်စစ်အန္တရာယ်ကို ကာကွယ်ရာရောက်ပါသည်။

လျှပ်စစ်စီးကြောင်းနှင့် ထိတွေ့မှုကြောင့်သာ ဓာတ်လိုက်မှု ဖြစ်ပွားရခြင်းဖြစ်ပြီး အန္တရာယ်မပြုနိုင်သည့် ဗို့အားသတ်မှတ်ချက်မှာ မြန်မာနိုင်ငံတွင် ၄၀ ဗို့ဖြင့် ဥရောပတိုက်တွင် ၆၅ ဗို့အား သတ်မှတ်ထားပါသည်။ ရေစိုနေသည့်အချိန်တွင် လျှပ်တားခုခံနိုင်စွမ်းသည် အဆ ၁၀၀၀ နီးပါး လျော့ကျသွားသဖြင့် ရေစိုနေချိန်တွင် လျှပ်စစ်ပစ္စည်းများကို အကာအကွယ်မဲ့စွာဖြင့် လုံးဝကိုင်တွယ် အသုံးမပြုသင့်ပါ။

ဖြစ်နိုင်ပါက လျှပ်စစ်လုပ်ငန်းလုပ်ကိုင်မည့် မည်သူမဆို သင့်လျော်သော အကာအကွယ်ပစ္စည်းများဖြင့်သာ ဆောင်ရွက်သင့်ပါသည်။ လျှပ်စစ်တပ်ဆင်ရေး ဆောင်ရွက်သူများသည် သင်တန်းများ သေချာစွာတက်ပြီးမှ ဆောင်ရွက်သင့်သလို လိုက်နာရမည့် လျှပ်စစ်သဘောတရားများကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ကြရန် လိုပါသည်။ မီးလင်းလျှင်ပြီးရောစိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်းသည် ဘယ်သူသေသေ ငတေမာလျှင်ပြီးရော စိတ်ဓာတ်ပင်ဖြစ်၍ သုံးစွဲသူတို့အဖို့ အန္တရာယ်ကြီးမားလှပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများ၊ ပရောဂျက်ကြီးများမှအစ နေအိမ်များအဆုံး လျှပ်စစ်ပစ္စည်းများ အသုံးပြုသည့်အခါ ဝန်အား(Load) အတိုင်းအတာအလျောက် ဓာတ်ကြိုး (Cable) နှင့် Breaker များကို သင့်လျော်သည့် အရွယ်အစားဖြင့် စနစ်တကျတပ်ဆင် အသုံးပြုသင့်ပါသည်။ ဖြစ်ကတတ်ဆန်း သွယ်တန်း အသုံးမပြုသင့်ပါ၊ အန္တရာယ်အလွန်ကြီးမားလှ၍ ဖြစ်ပါသည်။

လျှပ်စစ်အန္တရာယ် လျော့နည်းကျဆင်းရေးအတွက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို သတိပြု၍ ကာကွယ်ဆောင်ရွက်သွားကြရန် အထူးပင်လိုအပ်လှပါသည်-

(၁) ဓာတ်အားလိုင်းအနီးတွင် သံချောင်း၊ သံပိုက်၊ ဝါးလုံးများ အသုံးပြု၍ လုပ်ငန်းများ မဆောင်ရွက်ရန် ၊

(၂) ဓာတ်အားလိုင်းအနီးတွင် ဆိုင်းဘုတ်တပ်ဆင်ပြုလုပ်ခြင်း၊ တယ်လီဖုန်းလိုင်းပြုပြင်ခြင်း ၊ သစ်ပင်သစ်ကိုင်းခုတ်ခြင်းများ ပြုလုပ်ပါက သက်ဆိုင်ရာလျှပ်စစ်ဌာနသို့ အကြောင်းကြားပြီးမှ ဆောင်ရွက်ရန်၊

(၃) ဓာတ်အားလိုင်းအနီး ကုန်တင်ကားများ၊ ကရိန်းကား စသည့် ကားအမြင့်များရပ်၍ အတင်အချ မပြုလုပ်မိရန်၊

(၄) ဓာတ်တိုင်လဲခြင်း ၊ ဓာတ်ကြိုးပြုတ်ကျခြင်းများ တွေ့ရှိပါက ဖြတ်ကျော်သွားလာခြင်းမပြုဘဲ သက်ဆိုင်ရာ လျှပ်စစ်ဌာနသို့ အမြန်အကြောင်းကြားရန်၊

(၅) မြစ်ချောင်း၊ ရေကန်၊ ရေအိုင်များအတွင်း ဓာတ်ကြိုး ပြုတ်ကျနေသည်ကို တွေ့ရှိရပါက လုံးဝဆင်းသက်ခြင်း မပြုလုပ်ရန်၊

(၆) အိမ်သွယ်ကြိုးနှင့် ပူးတွဲချည်ထားသော ဝန်ထမ်းကြိုးအား အဝတ်လှန်းကြိုးအဖြစ် အသုံးမပြုကြရန်၊

(၇) ဟောင်းနွမ်းဆွေးမြည့် ပေါက်ပြဲနေသော အိမ်သွယ်ကြိုးများအား အမြန်လဲလှယ် တပ်ဆင်အသုံးပြုရန်၊

(၈) နီးစပ်ရာ ဓာတ်အားလိုင်းမှ နေအိမ်သို့ တရားမဝင် ခိုးယူသွယ်တန်းအသုံးမပြုရန်၊

(၉) အရည်အသွေးကောင်းမွန်သော လျှပ်စစ်ပစ္စည်းများကိုသာ အသုံးပြု၍ ပေါက်ပြဲကွဲအက်ပျက်စီးနေပါက ချက်ချင်း လဲလှယ်အသုံးပြုရန်၊

(၁၀) ရေစိုနေသောလက်ဖြင့် ခလုတ်ပိတ်ဖွင့်ခြင်း၊ ပလပ်ဆွဲဖြုတ်ခြင်းများ မပြုလုပ်ရန်၊

(၁၁) အိမ်သုံးလျှပ်စစ်ပစ္စည်းများ လျှပ်စစ်ပြုပြင်လိုပါက လုံးဝပင်မခလုတ် (Main Switch) ကို ပိတ်ပြီးမှ ပြုလုပ်ဆောင်ရွက်ရန်၊

*စာမျက်နှာ ၁၈ သို့*

**❖ လျှပ်စစ်ဓာတ်ကြိုးကိုမြင်လျှင် လျှပ်စစ်စီးဝင်နေသည်ဟု မှတ်ယူ၍ ပေါ့ပေါ့ဆဆ မကိုင်တွယ်မိကြဖို့လိုသည်။ အချို့သော လျှပ်စစ်ကျွမ်းကျင်လုပ်သားကြီးများပင်လျှင် ဓာတ်လိုက်မှုကို မကြာခဏ ကြုံတွေ့နေရသည်က သက်သေသာဓကပင်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်စီးဝင်နိုင်သည်ဖြစ်ရာ လျှပ်စစ်စီးဝင်နေသည် (ဝါ) လျှပ်စစ်ရှိနေသည်ဟူသောအတွေးဖြင့် ပေါ့ပေါ့ဆဆ မကိုင်တွယ်ခြင်းသည်သာ လျှပ်စစ်အန္တရာယ်ကို ကာကွယ်ရာရောက်ပါသည်**

# အသေးစားကုန်စည်ဈေးကွက်များ ဖော်ဆောင်ရေးကြိုးပမ်းမှုခြေလှမ်း

**Zhejiang ပြည်နယ် လွတ်လပ်စွာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Free Trade Development Board of Zhejiang Province) က လက်ခံကျင်းပသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အသေးစားကုန်စည်ဈေးကွက် တည်ဆောက်ခြင်းဆိုင်ရာဆွေးနွေးပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ (MOFCOM)၏ အထောက်အပံ့ဖြင့် ၂၀၂၄ ခုနှစ် မေလ ၈ ရက် နေ့မှ ၂၁ ရက်နေ့အထိ တရုတ်နိုင်ငံ ဟန်ကျိုး(Hangzhou)မြို့၌ ကျင်းပခဲ့ပါသည်။**

*သီတာထွန်း(SSID)*

ဆွေးနွေးပွဲတက်ရောက်ရန် တရုတ်သံရုံးမှ ရင်းနှီးမြှုပ်နှံမှု နှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ အကြောင်းကြားလာမှုအပေါ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် နှစ်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် နှစ်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ် တစ်ဦး စုစုပေါင်း ငါးဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲမှာ အသေးစားကုန်စည်ဈေးကွက်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံ Zhejiang ပြည်နယ်က လက်တွေ့ကျင့်သုံးအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နည်းစနစ်နှင့် အလေ့အထများ၊ အသေးစားကုန်စည်ဈေးကွက်မြှင့်တင်မှုနည်းလမ်းနှင့် e-commerce ဆောင်ရွက်မှုပုံစံ အတွေ့အကြုံများကို သိရှိရပါသည်။

### ကိုယ်စားလှယ် ၂၇ ဦး တက်ရောက်

ဆွေးနွေးပွဲသို့ Antigua and Barbuda, Kiribati, Mauritius, Myanmar, Nigeria, Panama, Sierra Leone and Uzbekistan နိုင်ငံများမှ ကိုယ်စားလှယ် ၂၇ ဦး တက်ရောက်ခဲ့ပါသည်။ ထို့အနက် မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ငါးဦးဖြစ်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစည်သူလင်းအောင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ဆုဝေ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြတ်လဲ့လဲ့မွန်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အမှုဆောင်အရာရှိ ဒေါ်ဖြူသဲထွေးဟန်တို့ တက်ရောက်ခဲ့ပါသည်။

တရုတ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် သိကောင်းစရာများအား Zheijang International Studies University မှ Associate Professor ဖြစ်သူ Huang Yanchun က ဆွေးနွေးခဲ့ပါသည်။ တရုတ်နိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လာပုံ၊ ဈေးတစ်ခုတွင်ရှိသင့်သည့် အခြေခံအချက်များ၊ တရုတ်နိုင်ငံ၏ အွန်လိုင်းဈေးကွက်နှင့် အသုံးများသည့် Platformများ၊ virtual market ၏ အကျိုးကျေးဇူးများ၊ တရုတ်နိုင်ငံဈေးများ၏ ဖွံ့ဖြိုးမှုအဆင့်ဆင့်၊ စွန့်ဦးတီထွင်သူများ၊ လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ လူမှုအသိုင်းအဝိုင်းတွင် လေးစားထိုက်သည့် ယဉ်ကျေးမှုဓလေ့များ၊ e-commerce ဆောင်ရွက်နိုင်သော Wechat ကို



Yiwu International Trade City

တရုတ်နိုင်ငံမှာ လူကြိုက်များရသည့်အကြောင်းရင်းများ၊ customer ဆွဲဆောင်မှုနည်းလမ်းများ၊ ဖောက်သည်တည်ဆောက်ထိန်းသိမ်းနည်း၊ ကုန်ပစ္စည်းတစ်ခုကို ရောင်းချနည်း၊ ဈေးကွက်တည်ဆောက်ရာတွင် အစိုးရ၏အခန်းကဏ္ဍ၊ Yiwu ဈေးကို နိုင်ငံတော်အဆင့်ကုန်စည်ပို့ဆောင်ရေးစင်တာအဖြစ် အဆင့်မြှင့်တင်မည့်အစီအစဉ်၊ ကုန်စည်ပို့ဆောင်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကွန်ရက်အရေးပါပုံ၊ Digital Marketing အကြောင်း၊ Digital Marketing တွင် ဆောင်ရွက်နိုင်သည့်ဆန်းစစ်လေ့လာမှုပုံစံများ၊ ali group နှင့် online payment၊ AI in ecommerceနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ Global payment ဆောင်ရွက်နိုင်မည့် Yi Wu Pay၊ logistic service company များ၊ e-commerce ဖွံ့ဖြိုးရေးအတွက် အစိုးရ၏ အခန်းကဏ္ဍ၊ Yi Wu ဈေးနှင့် Yi Wu Trade city ဈေးကွက်စီးပွားရေးအကြောင်းအရာများကို စုံစုံလင်လင် ဆွေးနွေးပါသည်။

### Digital marketing အသွင်ကူးပြောင်းလာ

တရုတ်နိုင်ငံ၏ Physical marketing မှ Digital marketing အသွင်ကူးပြောင်းလာပုံနှင့်စပ်လျဉ်း၍ A survey on the development of small commodities market in China(Yiwu) အား ဆွေးနွေးရာတွင် တရုတ်နိုင်ငံသည် နှစ်ပေါင်း ၄၀ အတွင်း ကမ္ဘာပေါ်တွင် အကြီးဆုံးကုန်သွယ်ရေးနိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာ့ဒုတိယအင်အားအကြီးဆုံးနိုင်ငံဖြစ်ကာ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် အရေးအကြီးဆုံးနေရာ၌ ရပ်တည်လျက်ရှိပါသည်။ တရုတ်နိုင်ငံ၏ ဈေးကွက်စနစ်တွင် ကျင့်သုံးသော အဓိကသော့ချက်မှာ ရုပ်ပိုင်းဆိုင်ရာဈေးကွက်(physical market) နှင့် အွန်လိုင်းဈေးကွက် (virtual market) ဖြစ်ကြောင်း လေ့လာခဲ့ရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ရုပ်ပိုင်းဆိုင်ရာဈေးကွက် တည်ရှိသောနိုင်ငံဖြစ်ကြောင်း၊ Yiwu market သည် ကမ္ဘာ့အကြီးဆုံးဈေးဖြစ်သည့်အပြင် ပြီးပြည့်စုံမှုအရှိဆုံးဈေးတစ်ခုလည်းဖြစ်ပါသည်။ တရုတ်နိုင်ငံတွင် ကြီးမားသောလက်ကားဈေးများမှာ Yiwu နိုင်ငံတကာကုန်သွယ်ရေးဈေး (Yiwu International Trade Mart)၊ Huangyan Market၊ Capital goods market နှင့် လယ်ယာထွက်ကုန်လက်ကားဈေး (Agricultural product wholesale market) တို့ ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ Virtual Market တည်ထောင်မှုအနေဖြင့် ကုန်ပစ္စည်းခေတ်ပုံများဖြင့် Website နှင့် Platform အမျိုးမျိုးတွင် ရောင်းဝယ်ခြင်း၊ တိုးတက်မှုအခြေအနေကို မျှဝေခြင်း စသည့်အဆင့်တို့ကို အလေးထားဆောင်ရွက်လျက်ရှိရာ Virtual Market ဈေးကွက်ပုံစံ၏ အမြင့်ဆုံးအနေအထား တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံတွင် Wechat ကို main tool အနေဖြင့် အသုံးပြုကြောင်း တွေ့ရှိရပါသည်။

Development of China's Commodity Market နှင့်ပတ်သက်၍ ဈေးကွက်ဖွံ့ဖြိုးမှုစနစ် နှစ်ခုမှာ Planned Economy နှင့် Market Economy တို့ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် Planned Economy မှ Market Economy ကူးပြောင်းသော စံပြနိုင်ငံတစ်ခုဖြစ်ကြောင်း၊ တရုတ်ဈေးကွက်၏ ဖွံ့ဖြိုးမှုလက္ခဏာအနေဖြင့် **"မရှိခြင်းမှ ဖွံ့ဖြိုးမှုဆီသို့၊ အခြေခံအဆင့်မှ အဆင့်မြင့်ဆီသို့၊ ရုပ်ပိုင်းဆိုင်ရာဈေးကွက်မှ အွန်လိုင်း ဈေးကွက်သို့"** ဟူ၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

Digital Marketing (e-commerce) ဈေးကွက်လေ့လာရေးခရီးစဉ်တွင် တရုတ်နိုင်ငံ၊ ZheJiang ပြည်နယ်ရှိ Yiwu International Trade City သို့ ဈေးကွက်လေ့လာရာတွင် အဆိုပါဈေးကွက်သည် ကမ္ဘာ့အကြီးဆုံးအသေးစားကုန်စည် လက်ကားဈေးကွက်တစ်ခုဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ဒေါ်လာ ၇၀ ဘီလီယံကျော်အထိ ရောင်းချနိုင်ခဲ့ပါသည်။ Yiwu International Trade City တွင် ကုန်ပစ္စည်းများ လွယ်ကူစွာဝယ်ယူနိုင်စေရန်အတွက် ကုန်ပစ္စည်းအမျိုးအစားအလိုက် District များခွဲ၍ ခင်းကျင်းရောင်းချလျက်ရှိပြီး District 1 မှ 5 အထိ စုစုပေါင်း အဆောက်အဦ ငါးခုဖြင့် ချိတ်ဆက်ဖွဲ့စည်းထားကာ လုပ်ငန်းပေါင်း ၁၀၀၀၀၀ မှ ပြခန်းပေါင်း ၇၅၀၀၀ ခင်းကျင်းပြသထားပါသည်။ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ တစ်ရက်လျှင် (၈)နာရီ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း တွေ့ရှိရပါသည်။

District 1 တွင် $1^{st}$ မှ $4^{rd}$ floor ထိ လေးလွှာပါရှိပြီး ပြခန်းပေါင်း ၉၀၀၀ ကျော် ဖွဲ့စည်းထားကာ ပထမထပ်တွင် ကလေးကစားစရာအရုပ်နှင့် ဆက်စပ်ပစ္စည်းများ၊ ဒုတိယထပ်တွင် လက်ဝတ်ရတနာများ၊ တတိယထပ်တွင် လက်မှုပစ္စည်းများ၊ စတုတ္ထထပ်တွင် ကလေးကစားစရာဖန်စီပစ္စည်းများ ခင်းကျင်းရောင်းချလျက်ရှိပါသည်။ District 2 တွင် $1^{st}$ မှ $4^{rd}$ floor ထိ လေးလွှာပါရှိပြီး ပြခန်းပေါင်း ၁၀၀၀ ကျော် ဖွဲ့စည်းထားပါသည်။ ပထမထပ်တွင် အိတ်၊ ထီးနှင့် မိုးကာပစ္စည်းအမျိုးမျိုး၊ ဒုတိယထပ်တွင် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ တတိယထပ်တွင် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ စတုတ္ထထပ်တွင် ဟောင်ကောင်၊ တောင်ကိုရီးယား စသည့်စက်ရုံခွဲများမှ တိုက်ရိုက်တင်သွင်းသောပစ္စည်းများ ရောင်းချလျက်ရှိပါသည်။

District 3 တွင် $1^{st}$ မှ $5^{rd}$ floor ထိ ငါးလွှာပါရှိပြီး ပြခန်းပေါင်း ၇၀၀၀ ကျော် ဖွဲ့စည်းထားသည်။ ပထမထပ်နှင့် ဒုတိယထပ်တွင် စာရေးကိရိယာနှင့် ရုံးသုံးပစ္စည်းအမျိုးမျိုး၊ တတိယထပ်နှင့် စတုတ္ထထပ်တွင် လူသုံးကုန်နှင့်အလှကုန်၊ နာရီနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ပဥ္စမထပ်တွင် အိမ်သုံးအလှဆင်ပစ္စည်းအမျိုးမျိုး ခင်းကျင်းရောင်းချလျက်ရှိပါသည်။ District 4 တွင် $1^{st}$ မှ $4^{rd}$ floor ထိ လေးလွှာပါရှိပြီး ပြခန်းပေါင်း ၁၉၀၀၀ ကျော် ဖွဲ့စည်းထားသည်။ ပထမထပ်တွင် အိတ်၊ ဦးထုပ်နှင့်ထီးအမျိုးမျိုး၊ ဒုတိယထပ်တွင် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ တတိယထပ်တွင် အထည်အလိပ်အမျိုးမျိုး၊ စတုတ္ထထပ်တွင် ဖိနပ်နှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး ခင်းကျင်းရောင်းချလျက်ရှိပါသည်။ District 5 တွင် $1^{st}$ မှ $4^{rd}$ floor ထိ လေးလွှာပါရှိပြီး ပြခန်းပေါင်း ၇၀၀၀ ကျော် ဖွဲ့စည်းထားသည်။ ပထမထပ်တွင် ပြည်ပမှသွင်းကုန်ပစ္စည်းများ၊ ဒုတိယထပ်တွင် အိပ်ရာပစ္စည်းအမျိုးမျိုး၊ တတိယထပ်တွင် အထည်အလိပ်အမျိုးမျိုး၊ စတုတ္ထထပ်တွင် automobile၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချပါသည်။

### နိုင်ငံပေါင်း ၂၃၃ နိုင်ငံဖြင့် ဈေးကွက်ချိတ်ဆက်

Yiwu International Trade City သည် အမေရိကန်၊ ဂျပန်၊ ဥရောပ၊ အရှေ့တောင်အာရှ၊ ရုရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား စသည့်နိုင်ငံပေါင်း ၂၃၃ နိုင်ငံဖြင့် ဈေးကွက်ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို စာတိုက်၊ မီးရထား၊ ကား၊ လေကြောင်း၊ ကုန်တင်သင်္ဘောဆိပ်ကမ်းများမှတစ်ဆင့် သုံးရက်အတွင်း ထောက်ပံ့ပို့ဆောင်ပေးလျက်ရှိပါသည်။ နိုင်ငံပေါင်း ၅၀ ကျော်နှင့် ကမ္ဘာတစ်ဝန်းရှိ မြို့ပေါင်း ၁၀၀ ကျော်တွင် ကုန်စည်သိုလှောင်ရုံပေါင်း ၂၁၀ ထားရှိပြီး နိုင်ငံတကာကုန်သွယ်မှုကို ပိုမိုပွင့်လင်းလာစေခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင် ၎င်း၏ ပို့ကုန်၊သွင်းကုန်တန်ဖိုးမှာ ယွမ် ၅၆၀ ဘီလီယံ (ဒေါ်လာ ၇၈ ဒသမ ၈၇ ဘီလီယံ) ကျော်ရှိခဲ့ပြီး ယခင်နှစ်များထက် ၁၅ ရာခိုင်နှုန်းကျော် မြင့်တက်လာစေခဲ့ပါသည်။ တရုတ်နိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းပေါင်း ၂၁ သန်းကျော်သည် နိုင်ငံတကာဈေးကွက်သို့ Digital Market (e-commerce) မှတစ်ဆင့်

*စာမျက်နှာ ၁၈ သို့*

**❑ မြန်မာနိုင်ငံအနေဖြင့် အသေးစားကုန်စည်ဈေးကွက်တည်ဆောက်ရာ၌ ရုပ်ပိုင်းဆိုင်ရာအရ ဈေးများကို အချက်အချာကျသော ကုန်စည်များ အလွယ်တကူစီးဆင်းနိုင်မည့်နေရာတွင် စနစ်တကျတည်ဆောက်ခြင်းအပြင် e-commerce ပြုလုပ်နိုင်သည့် platform များကို တည်ဆောက်၍ Online payment စနစ်ကိုပါ ထည့်သွင်းဆောင်ရွက်သင့်**

*စာမျက်နှာ ၁၆ မှ*

(၁၂) ကိုင်တိုင်မကျွမ်းကျင်ဘဲ ပြုပြင်ဆောင်ရွက်မှု လုံးဝမပြုလုပ်ဘဲ လျှပ်စစ်ကျွမ်းကျင်လက်မှတ်ရသူများကိုသာ ဆောင်ရွက်စေရန်၊

(၁၃) လူနှင့် ထိတွေ့ကိုင်တွယ်နေရသော လျှပ်စစ်ပစ္စည်းများကို 3Pin Socket များသာ အသုံးပြုရန်နှင့် Earth သေချာချထားပြီးမှ သုံးစေရန်၊

(၁၄) လျှပ်စစ်ဆိုင်ရာ Panel Box များကို တာဝန်ရှိသူများမှအပ ကျန်သူများ အလွယ်တကူ မဖွင့်နိုင်စေအောင်ပြုလုပ်ထားရန်၊

(၁၅) လျှပ်စစ်ကို ယာယီအတွက်သာ အသုံးပြုရန်လိုအပ်ပါက အသုံးပြုပြီးသည်နှင့် ချက်ချင်းဖယ်ရှားသိမ်းဆည်းရန်၊

(၁၆) လျှပ်စစ်လုပ်ငန်းဆောင်ရွက်သော လုပ်သားများအနေဖြင့် Safety ဝတ်စုံ ( ရော်ဘာလက်အိတ်၊ ရော်ဘာဖိနပ် စသည်) အပြည့်အစုံဝတ်ဆင်ပြီးမှ လုပ်ငန်းများ ဆောင်ရွက်ကြစေရန်၊

(၁၇) လျှပ်စစ်ပစ္စည်းများကို သုံးရာတွင် လျှပ်စစ်ယိုစီးမှု ရှိ မရှိ အမြဲတစေ စစ်ဆေး ကြည့်ပြီးမှ အသုံးပြုကြရန်၊

(၁၈) လျှပ်စစ်ဓာတ်ကြိုးရှိရာ အနီးတစ်ဝိုက်တွင် သံ၊ သတ္တုလှေကားများ အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ခြင်းများ မပြုလုပ်ကြရန်။

လျှပ်စစ်အသိ၊ လျှပ်စစ်သတိရှိရေးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်ကြဖို့လိုသည်ဖြစ်ရာ လျှပ်စစ်အသိပညာကို နေရာမရွေးဒေသမရွေး၊ လူမျိုးမရွေး သိရှိနားလည်လိုက်နာကျင့်သုံးကြဖို့ အလွန် လိုအပ်လှပါသည်။ ငါနှင့် မဆိုင်သေးဟူ၍ သဘောမထားသင့်ပါ ။လျှပ်စစ်ကို အသုံးပြုသည်နှင့် လျှပ်စစ်အသိရှိနှင့်နေပြီး ဖြစ်နေရပါမည်။ မိမိတို့နေအိမ်အဆောက်အအုံ စသည်တို့နှင့် ဓာတ်အားလိုင်းများရှိသင့်သော အကွာအဝေးအားလည်း ဗဟုသုတရနိုင်ကြစေရန် ဖော်ပြအပ်ပါသည်-

| စဉ် | ဗို့အား | ရေပြင်ညီဘေးတိုက် အကွာအဝေး | ဒေါင်လိုက် အကွာအဝေး |
|---|---|---|---|
| ၁ | ၂၃၀ ဗို့အား | ၄ ပေ | ၈ ပေ |
| ၂ | ၄၀၀ ဗို့အား | ၄ ပေ | ၈ ပေ |
| ၃ | ၁၁၀၀၀ ဗို့အား | ၈ ပေ | ၈ ပေ |
| ၄ | ၃၃၀၀၀ ဗို့အား | ၁၀ ပေ | ၁၂ ပေ |

ခန္ဓာဗေဒသဘောအရ လျှပ်စစ်ဓာတ်အားသည် ဆွဲငင်တတ်သောသဘောရှိသည်၊ ပုံမှန်အတိုင်း ထိကိုင်မိလျှင် ဥပမာ လက်ဖြင့် ဆုပ်ကိုင်မိသည်ဆိုပါစို့။ အကြောပါလိုက်၍ ကွေးသွားသဖြင့် ဓာတ်ကြိုးကို ဆုပ်ကိုင်မိထားသကဲ့သို့ဖြစ်ကာ ဖြုတ်မရဘဲ ဖြစ်နေတတ်ပါသည်။ ဓာတ်လိုက်နေသူအား သွားမထိဖို့လည်း လိုပါသည်။ ဓာတ်လိုက်နေစဉ်အတွင်း ဓာတ်ကြိုး(သို့မဟုတ်) ဓာတ်လိုက်သည့်ပစ္စည်းအား လျှပ်ကာပစ္စည်းတစ်ခုခုသုံး၍ ခန္ဓာကိုယ်နှင့်လွတ်အောင် အလျင်အမြန် ဖယ်ရှားပစ်ဖို့လိုပါသည်။ Tester မပါ၍ လျှပ်စစ်စီးကြောင်းစီးဝင်မှု ရှိမရှိကို အချို့ကျွမ်းကျင်လုပ်သားကြီးများက လက်ပြန်အနေအထားဖြင့် စမ်းသပ်လေ့ရှိကြသည်။

အကြောပြန်ကန်၍ မဆုပ်ကိုင်နိုင်ဘဲ ကန်ထွက်သည့် သဘောရှိသောကြောင့်ဖြစ်သည်။ အမှန်အားဖြင့်ဆိုလျှင် မလုပ်သင့်လှပါ။ လျှပ်စစ်ပစ္စည်းမှန်သမျှတွင် လျှပ်စစ်ရှိနေနိုင်သည်ဟူသော အတွေးဖြင့်သာ လျှပ်ကာပစ္စည်းများဖြင့် အသေအချာ ကာကွယ်ပြီးမှ ကိုင်တွယ်အသုံးပြုခြင်းနှင့် ဓာတ်လိုက်စေသည့်အချက်များကို ရှောင်ကြဉ်ခြင်းသည်သာ လျှပ်စစ်အန္တရာယ်အား လျော့နည်းကျဆင်းစေမည်ဖြစ်ပါသဖြင့် သတိတရားလက်ကိုင်ထား၍သတိမလွတ်စေခြင်းဖြင့်သာ ဓာတ်လိုက်မည့်အန္တရာယ်ကို လျော့ချသွားနိုင်ကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

*စာမျက်နှာ ၁၇ မှ*

ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး အဆိုပါဈေးကွက်ကို Apple Pay၊ AliPay၊ Union Pay၊ Wechat Pay၊ Yiwu Pay စသည့် Application များဖြင့် digital platform မှတစ်ဆင့် ဆောင်ရွက်လျက်ရှိပါသည်။

Yiwu Pay နှင့် Wechat Pay တို့ကို အသုံးပြု၍ နိုင်ငံတကာငွေပေးချေမှုများ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာတစ်ဝန်းရှိ ဘဏ်ပေါင်း ၄၀၀ ကျော်တွင် ငွေကြေးအမျိုးအစား ၁၆ မျိုးဖြင့် ချိတ်ဆက်ဆောင်ရွက်ထားပါသည်။ ထူးခြားချက်မှာ Digital Market (e-commerce) ဆောင်ရွက်ခြင်းဖြင့် ဝယ်ယူသူများအတွက် လွယ်ကူစေသော ငွေပေးငွေယူစနစ်ကြောင့် အချိန်နှင့် ငွေကြေးကုန်ကျစရိတ်ကို လျှော့ချပေးနိုင်သကဲ့သို့ ကုန်ထုတ်လုပ်ငန်းရှင်များအတွက်လည်း အရင်းအနှီးလည်ပတ်နိုင်မှုကို ပိုမိုတိုးမြှင့်လာနိုင်ပါသည်။

**ကဏ္ဍ(sector) အလိုက် ခွဲခြားပြသ**

ထိုမျှမက ကုန်စည်များကို ကဏ္ဍ(sector) အလိုက် ခွဲခြား၍ ခင်းကျင်းပြသထားပြီး ယင်းကဲ့သို့ ခင်းကျင်းပြသထားရခြင်းမှာလည်း ဝယ်ယူသူများအနေဖြင့် ကုန်ပစ္စည်းများကို အဆင်ပြေလွယ်ကူစွာ ရှာဖွေနိုင်ရန်နှင့် အငြင်းပွားမှုများကို ရှောင်ရှားနိုင်ရန်အတွက် ဖြစ်သည်။ ပြည့်စုံကောင်းမွန်သော ရုပ်ပိုင်းဆိုင်ရာဈေးကွက်ကို တည်ဆောက်ရန် လိုအပ်ချက်များမှာ ယာဉ်အသွားအလာလမ်းကြောင်းများကို ကောင်းစွာစီမံထားရှိမှု၊ District တိုင်းတွင်း ဝယ်ယူသူများအတွက် လွယ်ကူစွာ စားသုံးနိုင်ရေးစီမံထားရှိမှု၊ ဘဏ်စနစ်စီမံထားရှိမှု၊ ဆိုင်ခန်းများ စီမံထားရှိမှုတို့ကို စနစ်တကျချိန်ဆတွက်ချက်၍ တည်ဆောက်ထားကြောင်း တွေ့ရှိရသည်။

Hangzhou Xuhang Network Technology Co.ltd ၏ လုပ်ငန်းခွဲ လုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပလုပ်ငန်းများအတွက် ဈေးကွက်ကြော်ငြာမြှင့်တင်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စားသောက်ကုန်လုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း အစရှိသော လုပ်ငန်းများအပြင် အသေးစား၊ အလတ်စား ပြည်တွင်း စီးပွားရေးလုပ်ငန်းများလည်း ပါဝင်ပါသည်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ကုန်အမှတ်တံဆိပ်များကို တိုက်ရိုက်ရောင်းချပေးခြင်း (e-commerce)၊ တိုက်ရိုက်ထုတ်လွှင့်ခြင်းအစီအစဉ်များ (Live streaming) စသည့် ဈေးကွက်ဝန်ဆောင်မှုများဖြင့် ဈေးကွက်ရရှိရေး အဓိကပံ့ပိုးပေးလျက်ရှိပါသည်။

ထို့ကြောင့် အွန်လိုင်းမီဒီယာဈေးကွက် ရှာဖွေရေးလုပ်ငန်းများ၊ မိုဘိုင်းအက်ပလီကေးရှင်းများ၊ မီဒီယာဖြင့် ချိတ်ဆက်ဆောင်ရွက်သော ဈေးကွက်ဝန်ဆောင်မှုလုပ်ငန်းများသည် ဝင်ငွေ အကောင်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထူးခြားချက်မှာ Digital Marketing သည် စီးပွားရေးလုပ်ငန်းများအတွက် အရေးပါလျက်ရှိပြီး Digital Marketing ကို ကောင်းမွန်စွာဆောင်ရွက်တတ်စေရန် စီးပွားရေးလုပ်ငန်းရှင်များအား Digital Marketing ဆောင်ရွက်ပုံကို လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

Zhejiang Free Trade Zone တွင် ပြည်တွင်းနှင့်နိုင်ငံတကာဈေးကွက်များသို့ ချိတ်ဆက်ပေးသည့် ကူးသန်းရောင်းဝယ်ရေးစီးပွားရေးဇုန်တစ်ခုဖြစ်ပြီး ဤဇုန်တွင် ရင်းနှီးမြှုပ်နှံကြသော နိုင်ငံခြားစီးပွားရေးလုပ်ငန်းများသည် အခွန်ကင်းလွတ်ခွင့်၊ ပို့ကုန်များအပေါ် custom duty ကင်းလွတ်ခွင့်၊ ဝင်ငွေခွန်လျှော့ချနိုင်ခွင့် စသည့်အခွင့်အလမ်းများရရှိစေပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် နိုင်ငံတကာဈေးကွက်ချိတ်ဆက်ဆောင်ရွက်ရာတွင် cross border e-commerce ဖြင့် digital platform ၄၀ ခန့်ကို အသုံးပြု၍ ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို တိုးမြှင့်လာလျက်ရှိသည်ကို တွေ့ခဲ့ရပါသည်။

ကိုဗစ် ၁၉ ကာလအတွင်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို မြှင့်တင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း ၁၀၀၀၀ ကျော်သည် ပထမအကြိမ် အွန်လိုင်းပေါ်သို့ရောက်ရှိခဲ့ကာ cross border e-commerce မှတစ်ဆင့် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု တိုးတက်လာခဲ့ပါသည်။ နိုင်ငံတကာဈေးကွက်သို့ နိုင်ငံတကာသင်္ဘော ဆိပ်ကမ်းများမှတစ်ဆင့်လည်း ပို့ဆောင်ပေးလျက်ရှိရာ နိုင်ငံခြားကုန်ပစ္စည်းများကို ပြည်တွင်းစားသုံးသူများအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ပစ္စည်းများကို နိုင်ငံခြားစားသုံးသူများအတွက်လည်းကောင်း အွန်လိုင်းမှတစ်ဆင့်မှာယူခွင့်ပြုကာ မှာယူလိုသည့် ကုန်ပစ္စည်းများအတွက် အခွန်အခကင်းလွတ်စေခြင်း၊ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးတို့အတွက် ကုန်ကျစရိတ်သက်သာစေခြင်း၊ ပို့ဆောင်မှုပိုမိုမြန်ဆန်ကာလွယ်ကူစေခြင်း၊ ပြည်တွင်းဝယ်ယူသူများအတွက် ၃-၄ ရက်သာကြာစေ၍ အချိန်ကုန်သက်သာစေပြီး၊ တရုတ်နိုင်ငံ Jingi Zone တွင် တည်ရှိသော Yiwu International Trade Market သည် ကမ္ဘာ့အကြီးဆုံး လက်ကားဈေးကွက်တစ်ခု အဖြစ်တွေ့ရှိရပါသည်။

ဤဈေးကွက်တွင် ကုန်ပစ္စည်းအမျိုးအစားပေါင်း ၂ ဒသမ ၁ သန်းကျော်ကို နိုင်ငံတကာနှင့် ကူးသန်းရောင်းဝယ်နိုင်ခဲ့ပြီး အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းပေါင်း ၂ ဒသမ ၁ သန်း ကျော်ဖွံ့ဖြိုးလာခြင်းကြောင့် လူဦးရေ ၃၂ သန်းအတွက်အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံ ဟန်ကျိုးမြို့၏ cross border e-commerce သည် တရုတ်နိုင်ငံစီးပွားရေး၏ သုံးပုံနှစ်ပုံခန့်ရှိပြီး e-commerce စနစ်ဖြင့် ဆောင်ရွက်ထားခြင်းကြောင့် နိုင်ငံတကာဈေးကွက်ထိ ထိုးဖောက်အောင်မြင်လာသည်ကို တွေ့ရပါသည်။

**Digital Marketing၏ အစွမ်း**

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အသေးစားကုန်စည်ဈေးကွက်တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံတွင် အသေးစားကုန်စည်ဈေးကွက် တည်ဆောက်ရာ၌ Digital Marketing ၏ အစွမ်းကား အလွန်ထိရောက်ပုံကို ကမ္ဘာ့အကြီးဆုံးလက်ကားဈေးဖြစ်သော Yiwu International Trade Market တွင် အံ့မခန်းဖွယ်တွေ့ရပါသည်။ ထို့အပြင် အစိုးရသည် တရုတ်နိုင်ငံထုတ်ကုန်စည်များကို ကမ္ဘာက သိရှိဝယ်ယူနိုင်ရန်အတွက် online platform ကို စနစ်တကျဖန်တီးပေးထားပြီး ကမ္ဘာအနှံ့သို့ပို့ဆောင်နိုင်ရန်အတွက် logistics service များ ဖွံ့ဖြိုးရေးကိုလည်း အားပေးမြှင့်တင်ထားကြောင်း တွေ့ရပါသည်။

မိမိနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် လိုအပ်သလိုပေါ်လစီများ ချမှတ်ဆောင်ရွက်နိုင်ခြင်း(ဥပမာ- One Child Policy, Two Child Policy, Three Child Policy စသည်) နည်းပညာပိုင်းဆိုင်ရာတွင်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး အင်တာနက်၊ သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးအတွက် နိုင်ငံပိုင် Server နှင့် ကွန်ပျူတာစနစ်၊ တရုတ်နိုင်ငံထုတ် social media platform အမျိုးမျိုး၊ Software နှင့် Application အမျိုးမျိုး ဖန်တီးဆောင်ရွက်နိုင်ခြင်းများမှာ အားကျဖွယ်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် အသေးစားကုန်စည်ဈေးကွက် တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ MSME လုပ်ငန်းများအနေဖြင့် ကုန်ပစ္စည်းထုတ်လုပ်နိုင်မှု၊ အရည်အသွေးမြှင့်တင်နိုင်မှုနှင့် အခြားသော ဆန်းသစ်တီထွင်မှုများကို လုပ်ဆောင်နိုင်ကြပါသည်။ သို့သော် ဈေးကွက် ထိုးဖောက်မှုအပိုင်းတွင် လိုအပ်ချက်များရှိနေသည်ဟု မြင်မိပါသည်။ ဈေးကွက်ထိုးဖောက်မှုပြဿနာကို ဖြေရှင်းနိုင်ရန် e-Commerceနှင့် ဖြေရှင်းနိုင်မည်ဖြစ်ပြီး e-Commerce ကို မြန်မာနိုင်ငံတွင် အသုံးပြုမည်ဆိုလျှင် ဈေးကွက်စီးဆင်းမှု ပိုမိုလျင်မြန်လာနိုင်ခြင်း၊ လုပ်ငန်းနေရာများ လျှော့ချလာနိုင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ လျှော့ချလာနိုင်ခြင်း၊ တိကျသပ်ရပ်သော စာရင်းများရရှိလာနိုင်ခြင်း၊ ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အကျိုးအမြတ်များ ပိုမိုရရှိလာခြင်းကြောင့် လုပ်ငန်းအရင်းအနှီးများ မြှင့်တင်ကာ ကုန်ချောများ ပိုမိုထုတ်လုပ်လာနိုင်ခြင်း၊ နိုင်ငံ၏ GDP မြင့်မားလာပြီး ပို့ကုန်၊ သွင်းကုန်များ တိုးတက်ကာ နိုင်ငံခြားဝင်ငွေရရှိလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အသေးစားကုန်စည်ဈေးကွက် တည်ဆောက်ရာ၌ ရုပ်ပိုင်းဆိုင်ရာအရဈေးများကို အချက်အချာကျသော ကုန်စည်များ အလွယ်တကူစီးဆင်းနိုင်မည့်နေရာတွင် စနစ်တကျတည်ဆောက်ခြင်းအပြင် e-commerce ပြုလုပ်နိုင်သည့် platform များကို တည်ဆောက်၍ Online payment စနစ်ကိုပါထည့်သွင်း ဆောင်ရွက်သင့်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အသုံးပြုသူများ အဆင်ပြေလွယ်ကူနစ်ခြိုက်စွာ အသုံးပြုနိုင်ရေး feedback များရယူ၍ အဆင့်ဆင့်မြှင့်တင်ဆောင်ရွက်သင့်ပါသည်။ ကုန်စည်ပို့ဆောင်မှုလွယ်ကူစေရန်အတွက် အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းကိုပါ ပူးတွဲဆောင်ရွက်သင့်ပါသည်။ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ (logistic service) ဖွံ့ဖြိုးလာစေရေး အားပေးမြှင့်တင်သင့်ပါသည်။

**ဈေးကွက်တိုးချဲ့နိုင်ရေး**

အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် မိမိနိုင်ငံအတွင်း အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများမှစ၍ ဒစ်ဂျစ်တယ်နည်းစနစ်များဖြင့် ရှင်သန်တိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ ကျပ်သန်းနှစ်ဆယ်ဖြင့် Enhancing Digital Skill of Micro and Small Industries for Fostering the Growth of MSMEs and Sustainable Development of Digital Economy Project ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဌာနတွင် လုပ်ငန်းမှတ်ပုံတင်ထားသော အသေးစားစက်မှုလက်မှုလုပ်ငန်းများအား Digital Economy ဖြင့် ဈေးကွက်တိုးချဲ့နိုင်ရေးအတွက် အသိပညာများ ဆွေးနွေးပြောကြားဆောင်ရွက်သွားပါမည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်ခဲ့သော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အသေးစားကုန်စည်ဈေးကွက် ဖော်ဆောင်ရေးဆိုင်ရာ ဆွေးနွေးပွဲခရီးစဉ်အတွင်း တရုတ်နိုင်ငံ၏ လက်တွေ့ကျင့်သုံးအောင်မြင်သော ဈေးကွက်တည်ဆောက်ရေးနည်းစနစ်နှင့် အလေ့အထများ၊ အသေးစားကုန်စည်ဈေးကွက် မြှင့်တင်မှုနည်းလမ်းနှင့် e-commerce ဆောင်ရွက်မှုပုံစံများကို လေ့လာခဲ့ရသည့်အပြင် မိမိတို့နိုင်ငံ၏ အသေးစားမှစ၍ ကုမ္ပဏီလုပ်ငန်းများအထိ e-commerce ဖြင့် ဈေးကွက်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များတွင် ပြန်လည်အသုံးချနိုင်ရန် တင်ပြလိုက်ရပါသည်။ ။

# တနင်္သာရီတိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



**ထားဝယ် ဇွန် ၂၉**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီမံမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီခွဲက ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ကျောင်းအတွင်း ဖွင့်လှစ်ထားရှိသည့် ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ယူ ထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထများဖြစ်ပေါ်လာစေရန်၊ အသိဉာဏ်ပညာများကို အရင်းအနှီးပြုပြီး ဘဝဖွံ့ဖြိုးတိုးတက်စေရန် စသည့်အချက်များနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ကျင်းပ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်၏ စွမ်းအား အရင်းအမြစ်ဖြစ်သည့် ကျောင်းသား ကျောင်းသူများ ကျောင်းစာကြည့်တိုက်များကို အသုံးချတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် ဆရာ ဆရာမများက ဆောင်ရွက်ပေးကြရန်၊ အားလပ်ချိန်တွင် ကျောင်းစာကြည့်တိုက်၌ စာဖတ်သည့် အလေ့အထရရှိအောင် လေ့ကျင့်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စကားရည်လုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ(အထက်တန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသားကျောင်းသူများကို လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသော ကျောင်းသားကျောင်းသူများက ပြိုင်ပွဲဝင်ခေါင်းစဉ်များဖြင့် ပြန်လည်၍ သရုပ်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ချိုက စာပေအသိပညာ ဟောပြောပေးသော စာရေးဆရာ မောင်ဖေနှင့် စာရေးဆရာ အန်ကယ်ပညာကို လက်ဆောင်ပစ္စည်း ပေးအပ်ပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များ (ကိုယ်စား) ကျောင်း အကျိုးတော်ဆောင် ဒေါ်အေးသန္တာတို့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်လွင်က လက်ခံရယူပြီး ကျောင်းသားကျောင်းသူလေးများက "ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့" သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မော်လမြိုင်မြို့နယ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း အသိပညာပေးဆွေးနွေး

**မော်လမြိုင် ဇွန် ၂၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲအခွန်ဥပဒေများနှင့်အညီ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းခြင်းကို ဇွန်၂၈ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်စီးပွားရေးရာဝန်ကြီး နိုင်လယိတမက ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် အခွန်အမျိုးအစား စုစုပေါင်း ၂၅ မျိုးပါရှိကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ စီမံချက်ငါးခုနှင့် ပတ်သက်သည့် လုပ်ငန်းရှင်များက ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အခွန်ပေးဆောင်ပြီးဖြစ်ကြောင်း၊ အခွန်ထမ်းများအနေနှင့် ဒဏ်ကြေးပေးဆောင်မှုမှ လွတ်ကင်း၍ နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်သော အခွန်များကို အပြည့်အဝရရှိနိုင်မည်ဖြစ်သည့်အတွက် သုံးဦးသုံးဖလှယ် အဆင်ပြေမည့်နည်းလမ်းဖြစ်သည့်အတွက်ကြောင့် အခွန်ထမ်းလုပ်ငန်းရှင်များအနေနှင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ရှင်းလင်းပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီက စားသောက်ဆိုင်၊ ရွှေဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ဟန်းဆက်နှင့်ဆက်စပ်ပစ္စည်းများကို ရောင်းချလျက်ရှိသည့် လုပ်ငန်းရှင်များကို ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုက်နာရမည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးသည်။ အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာ ၁၆ ဦး၊ ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လုပ်ငန်းရှင် ၂၆၅ ဦး စုစုပေါင်း ၂၈၃ ဦး တက်ရောက်ကြောင်း သိရသည်။

**စည်သူ (ပြန်/ဆက်)**



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး မြေစိုက်ပိုစတာကို ငဖဲမြို့ ကျောင်းတွင်းရပ်ကွက် ပြည်သူ့ပန်းခြံရှေ့၌ ဇွန်လ တတိယပတ်က စိုက်ထူပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မယု(ငဖဲ)



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ လွယ်တိန်ခမ်းတောင် ဘိုးဘွားရိပ်သာဘေး၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်သက်နှင့် ဝန်ထမ်းများ၊ ဒေသခံများက ပျိုးပင်ပေါင်း ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ ချယ်ရီမြေ(မူဆယ်)

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၂၉ - ၆ - ၂၀၂၄

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၉၅ ကျပ် | ၂၉၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၅၅ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၉၀ ကျပ် | ၂၈၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၄၈၉ | ၄၃၉၇၅၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၂၇၈၁ | ၉၃၁၃၈၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁ | ၈၄၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၈၈ | ၁၅၄၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၉၀၀ | ၁၉၅၀ | ၁၇၉၅ | ၃၄၁၈၇၅၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၂၁၃ | ၁၀၂၂၄၀၀ |
| MAEPC | ၃၄၀၀ | ၃၃၅၀ | ၅၄၅၉ | ၁၈၅၁၀၆၀၀ |

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇွန် လ ၃၀ ရက်)**

ယာယီ

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆၄) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၃၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၃၈၆၅.၉၃၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၄) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ (၆၄) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၂၉-၆-၂၀၂၄) ရက်နေ့ (၂၃:၅၉:၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၆၄) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၇-၂၀၂၄) ရက်နေ့ (တနင်္လာနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၆၄) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (L ၁၇-၆၀)၊ မြေကွက်အမှတ်(၁၂၂၆-၁၂၂၇)၊ မြေဧရိယာ(၀.၁၁၀)ဧက အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်မေမီ (ခ) ဒေါ်အေးအေးလွင် (ဘ) ဦးစိန်လွင် (၁၂/အလန(နိုင်)၀၃၆၅၆၆)** ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-**၁၁၆၅၁/၂၀၀၉ (၁၇-၁၂-၂၀၀၉)** ရှိသူ **ဒေါ်ထားထားလွင် (ဘ) ဦးစိန်လွင် (၁၂/အလန(နိုင်)၀၂၄၆၄၁) (ဒီ/အာရ်ဂျီအင်န်-၀၁၂၀၀၃)**၊ အမှတ်(၁၀၄/၁၀၆)၊ ဆင်မင်းလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)
တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆
ဖုန်း-၀၉-၅၁၇၁၄၃၃

ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)
တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅
ဖုန်း-၀၉-၂၅၄၄၈၈၃၃၀

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးကွင်း/အကွက်အမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၁၃၇)၊ မြေဧရိယာ (၀ဒသမ၆၀)ဧကထဲမှ အရှေ့(၄၀)ပေ၊ အနောက်(၄၀)ပေ၊ တောင်(၄၇)ပေ၊ မြောက် (၃၁)ပေ(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ)မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးနေလင်းထက် ၉/ပဥလ(နိုင်) ၀၇၉၉၇ ထံမှ ဒေါ်မာလာ၉/မရတ(နိုင်) ၀၁၅၂၇၈က(အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ကန့်ကွက်ရန်ရှိပါကပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်မာလာ
၉/မရတ(နိုင်) ၀၁၅၂၇၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေမျိုးဇော်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ
ရပ်ကွက်ကြီး(၁)၊ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့

## ပတ်စ်ပို့ပျောက်

ကျွန်တော် ကိုညီညီဖြိုး ဝေ ၁၂/အစန(နိုင်) ၁၈၈၄၄၃ ၏ နိုင်ငံကူးလက်မှတ် MB-471391 မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၁၈၉၂၅

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၆-၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၄)ကြော်ငြာစာတွင် အကွက်အမှတ် ၃၄၇ အစား အကွက်အမှတ် သ-၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် (၇၀၀)၊ ဦးပိုင်အမှတ် (၂၂)၊ ၇၀x၇၁ လမ်းကြား၊ ၃၄x၃၅ လမ်းကြားရှိ ဦးကျောင်းဝူး အမည်ပေါက် ဂရန်မြေကွက်အား၊ ခင်ပွန်းဖြစ်သူ ဦးကျောင်းဝူး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၈၈၆/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးများဖြစ်သော ဒေါ်ရင်ယာချင်း(ခ)ဒေါ်ရင်ရာချင်း၊ ဒေါ်ခမ်းနွမ်းတို့၏ (SP ရရှိသူ ဒေါ်ဇူဇန်ဘောက်စင်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၈၂၅/ ၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်မောင်ဝင်း ၉/မကန(နိုင်)၁၀၁၀၇၅က အမှုတွဲအမှတ် ၁၈၂၀/၂၀၂၄-၂၀၂၅ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၈)၊ ဦးပိုင်အမှတ် (၄၂)၊ ၄၆x၄၇ လမ်းကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဦးဗိုလ်အမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်) ဦးဘို(ခ)ဦးဗိုလ် (မိခင်) ဒေါ်အေးစီ (သား) ဦးမင်းမင်းသိန်း (လူပျိုကြီးဘဝ)ဖြင့်လည်းကောင်း အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၄၄၅၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် သမီးများဖြစ်သော ဒေါ်စိုးစိုးအေး ၉/မရတ(နိုင်)၀၀၅၂၀၅၊ ဒေါ်မျိုးသူဇာအေး ၉/ခမစ(နိုင်)၀၁၂၈၄၄တို့၏ (GP ရရှိသူ ဦးသန်းဇော်ဦး)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၈၃၇/ ၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၁၉)၊ ဦးပိုင်အမှတ် (၄၉)၊ ၅၀x၅၁ လမ်းကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ တပ်သားလှမြင့် အမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် (၈၈/၂၀၂၂)တွင် ၃-၁၀-၂၀၂၂ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ တပ်သားလှမြင့်(ခ) ဦးလှမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၁၁/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိမိငွေ ၁၃/လရန(နိုင်)၀၈၄၇၂၄က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၁၈၃၈/၂၀၂၄-၂၀၂၅ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ် (ဂဂ-၃)၊ ဦးပိုင်အမှတ် (၂၉)၊ ၅၇x၅၈ လမ်းကြား၊ B လမ်းနှင့် အနော်ရထာလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမင်းဆွေ ၉/မနတ(နိုင်)၀၃၃၉၅၄က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၈၃၆/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၈၊ ဦးပိုင်အမှတ် (၆)၊ ၁၀၇ လမ်း၊ ၅၂x၅၃ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒုတပ်ကြပ်အေးကို ၏ (SP ရရှိသူ ဦးမာရျောကျဲ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၇၆၉/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းခင်မိမိ(ခ)ဒေါ်ခင်မိမိ ၁၃/လလန(နိုင်)၀၉၀၇၅၉က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ် (၁၈၃၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၁၇၊ ဦးပိုင်အမှတ် (၁၈)၊ ၆၂x၆၃ လမ်းကြား၊ ၁၃၃x၁၃၄ လမ်းကြားရှိ ဦးတင်လှိုင် အမည်ပေါက် တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၆၂/၂၀၂၃)တွင် ၁၅-၈-၂၀၂၃ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးတင်လှိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၁၉၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စေကိုက်ချင် ၁၃/သပန(နိုင်)၀၃၂၄၇၃က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၈၁၇/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက(ခွဲ)ကန်ကုန်း၊ Grade-9၌ ပညာသင်ကြားနေသော မသဇင်မိုး၏ဖခင် အမည်မှန်မှာ ဦးအောင်မိုး(ခ)ဦးတင်အောင်မိုး မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မိုး(ခ)ဦးတင်အောင်မိုး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၅)၊ဦးပိုင်အမှတ် ၁၈-ခ/၅၃ X ၅၄ ကြား၊ ၁၀၉A လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှသန်း NSN-၀၇၅၄၇၇၊ ၉/မနမ(နိုင်)၀၉၆၅၃၂၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၃၃၄/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရီရီမွန် ၁၂/ဥကမ(နိုင်)၁၇၅၅၉၄ က ဦးပိုင်ခွဲမိန့် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈)၊ဦးပိုင်အမှတ် ၁၅/၁၁၂A လမ်း၅၁ X၅၂ကြား၊ ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်လင်း ၉/မရတ(နိုင်)၀၆၃၄၆၉ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၁၃/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ကျော်လွင် ၉/မနတ(နိုင်)၀၉၅၆၉၄ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
